**<u>“တည်ဆဲ ဥပဒေ ပြဌာန်းချက်များနှင့် ဆန့်ကျင်ပြီး ဥပဒေကျောင်းသူ မဟန်နီဦး အပေါ် မတရား တရားစွဲဆို ခွင့်ပြုသည့် ရှေ့နေချုပ်အား တာဝန်မှ ရပ်စဲရန် တောင်းဆိုခြင်း”</u>**

ရန်ကုန်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် ၂၀၀၇-ခုနှစ်၊ စက်တင်ဘာလ-၂၅-ရက်၊ ၂၆-ရက်နေ့က စတုတ္ထနှစ်၊ ဥပဒေစာမေးပွဲ ကိုဖြေဆိုနေခဲ့သည့် မဟန်နီဦးအား လူအုပ်ကြီးနှင့်အတူ ထိုနေ့ထိုရက်ကလိုက်ပါ ဆန္ဒပြခဲ့သည်ဟု စွပ်စွဲကာ ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင်တရားရုံးတွင် ယခုအခါ တရားရုံးတင် စစ်ဆေး နေပါသည်။

ပြစ်မှုဆိုင်ရာ အမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေ အကြံပေးခြင်းကို ၂၀၀၁-ခုနှစ်၊ရှေ့နေချုပ် နည်းဥပဒေများ အပိုင်း(၆) အခန်း(၂) တွင် ဖော်ပြထားချက်နှင့် အညီ အမှုစွဲတင်ခြင်းနှင့် ပတ်သက်၍ ရှေ့နေချုပ်တွင် လုံးဝတာဝန်ရှိပါသည်။ ၂၀၀၁-ခုနှစ် ရှေ့နေချုပ်ဥပဒေ၊ ပုဒ်မ-၃(ဈ) တွင်“ပြည်သူများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့် နှင့် အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရေးအတွက် ဥပဒေကြောင်းအရ ကာကွယ် စောင့်ရှောက်ခြင်း”ဟု ရှေ့နေချုပ်၏ တာဝန်ကို ဖော်ပြထားပါသည်။ ဥပဒေ၏ ကာကွယ် စောင့်ရှောက်မှုကို ပြည်သူပြည်သားတဦးဖြစ် သည့် မဟန်နီဦး(ခ) မဟန်နီ အပြည့်အဝ ခံစားသင့်ပါသည်။

မည်ကဲ့သို့ ဥပဒေနှင့် ဆန့်ကျင်၍ တရားစွဲဆိုခဲ့သည်ကို အောက်တွင်ဖော်ပြသည့် ဥပဒေရေးရာ သုံးသပ်ချက်တွင် တွေ့မြင်နိုင်ပါသည်။ မဟန်နီဦးအား စစ်ဆေးသည့် ရုံးချိန်းနေ့တိုင်းတွင်လည်း အများပြည်သူ သွားရောက် နားထောင်ပြီး အမှန်တရား ဖော်ထုတ်နိုင်ကြပါရန် မေတ္တာဖြင့် နိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း၊ အရှေ့ပိုင်း ခရိုင်တရားရုံး၂၀၀၈-ခုနှစ်၊ ပြစ်မှုကြီး အမှုအမှတ်-၃၀၊ ၃၁
မဟန်နီဦး (ခ) မဟန်နီ (၂၁-နှစ်) အမှု နှင့် ပတ်သက်၍
ဥပဒေ ရေးရာ သုံးသပ် တင်ပြချက်။

အမှုဖြစ်စဉ် အကျဉ်း။

၁။ မဟန်နီဦးသည် (၂၅-၉-၂၀၀၇) ရက်နေ့က ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်ဆန္ဒပြရာ တွင်ပါဝင်ကာ၊ ဆန္ဒပြသည့် လူအုပ်ကြီးနှင့် အတူလိုက်ပါခဲ့ခြင်း၊ထိုသို့ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြ ချီတက် လမ်းလျှောက်ရာတွင် ပါဝင်သည်ဟု ဆိုကာ <u>(ပ) ၁၂၃၈/၀၇</u>-ဖြင့် တာမွေမြို့နယ် ရဲစခန်း၌ တိုင်ချက်ရေးဖွင့် ခဲ့သည်။ ပြစ်မှုဆိုင်ရာ ဥပဒေ၊ ပုဒ်မ- ၁၄၃/၁၄၅/၁၂၄-(က) ဖြင့် ရန်ကုန်တိုင်း၊ အရှေ့ပိုင်း ခရိုင်တရားရုံးတွင် ပြစ်မှုကြီး အမှတ်-၃၁/၂၀၀၈-ဖြင့် ယခု တရားစွဲဆိုရုံးတင်စစ်ဆေးနေသော အမှုဖြစ်သည်။
၂။ မဟန်နီဦးသည် ၂၀၀၇-ခုနှစ်၊ ဩဂုတ်လ အတွင်းက ကျောင်းသားသမဂ္ဂ ဖွဲ့စည်းတည်ထောင်ကာ၊ သမဂ္ဂအဖွဲ့တွင် ဆက်လက်ရပ်တည် လှုပ်ရှားသည်ဟု ဆိုကာ <u>(ပ) ၁၂၃၉/၀၇</u>-ဖြင့် တာမွေမြို့နယ် ရဲစခန်း၌ တိုင်ချက်ရေးဖွင့်ခဲ့သည်။ ၁၉၈၈-ခုနှစ်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ၊ ပုဒ်မ-၆ ဖြင့် ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင် တရားရုံးတွင် ပြစ်မှုကြီး အမှတ်-၃၀/၂၀၀၈-ဖြင့် ယခု တရားစွဲ ဆိုရုံးတင်စစ်ဆေးနေသော အမှုဖြစ်သည်။

ဥပဒေ ရေးရာ သုံးသပ်ချက်။

၁။ မဟန်နီဦး(ခ) မဟန်နီ အား (၉–၁၀–၂၀၀၇) နေ့တွင် ဖမ်းဆီးခဲ့ပြီး၊ (၂၀–၁၂–၂၀၀၇) ရက်နေ့ကျမှ အင်းစိန်ထောင်ခန်းမ၊ အမှတ်(၃)မှနေ၍ စတင်ယမန်ယူခဲ့ပါသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၁၆၇ တွင် စုံစမ်းထောက်လှမ်းခြင်း နှစ်ဆယ့်လေးနာရီအတွင်း မပြီးဆုံးသည့်အခါ လိုက်နာရန်ကျင့်ထုံးကို ဖော်ပြထားပါသည်။ တရားခံကို ရာဇဝတ်တရားသူကြီးထံ ချက်ချင်း တင်ပို့ရမည်ဖြစ်သည်။ ပုဒ်မ–၁၆၇(၂)–တွင် "ဤပုဒ်မအရ တရားခံကို လက်ခံရရှိသော ရာဇဝတ်တရားသူကြီး သည် တရားခံအား ချုပ်နှောင်ထားခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသူမှာ ခုနစ် နှစ်အောက်မနည်းသော ကာလ အပိုင်းအခြားအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်နိုင်သည့် ပြစ်မှု တရပ်ဖြင့် စွပ်စွဲခြင်းခံရသောသူဖြစ် လျှင် ထိုသူကို ချုပ်နှောင်ထားခြင်းသည် စုစုပေါင်း ရက်သုံးဆယ်ထက် မပိုစေရ။"ဟုဖော်ပြထားပါသည်။

မဟန်နီဦးအား မည်သည့် တရားသူကြီး၏ ခွင့်ပြုမိန့်မှ မဟုတ်ဘဲ၊ ရက်ပေါင်း သုံးဆယ် ထက်ကျော် လွန်ကာ ဖမ်းဆီးထားကြောင်း တွေ့ရှိရပါသည်။ မဟန်နီဦးအပေါ် မတရား ဖမ်းဆီးချုပ်နှောင်မှု ကို ကျူးလွန် လိုက်ခြင်းဖြစ်ပါသည်။

၂။ ၂၀၀၁–ခုနှစ်၊ ရှေ့နေချုပ် ဥပဒေ၊ ပုဒ်မ–၅၈–အရ "တရားခံသည် အချုပ်ဖြင့်ရှိနေပြီးတရားရုံး၏ ချုပ်မိန့်ရက်စေ့ကုန်မည့် အချိန်ရောက်ရှိနေလျှင် ဖြစ်စေ၊ အဆိုပါ တရားခံကို ခံဝန်ချုပ်ဖြင့် ပြန်လွှတ်ထားရန် မည်သို့မျှ သင့်လျော်မည်မဟုတ်ကြောင်း တရားစွဲအဖွဲ့ အစည်းက တင်ပြလာလျှင်ဖြစ်စေ၊ <u>တရားစွဲဆိုခြင်းကို ဆိုင်းငံ့ ထားခြင်း မပြုရ။</u>"ဟုဖော်ပြထားသည်။

သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိသည် ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ–၁၆၇(၂)အရ ရက်ပေါင်းသုံး ဆယ် ထက်ကျော် လွန်ချုပ်ထားသည်ကို တွေ့ရှိနေပါလျက် ဥပဒေကိုမျက်ကွယ်ပြုပြီး၊ ရှေ့နေချုပ်ဥပဒေ၊ ပုဒ်မ–၅၈ – အတိုင်းဥပဒေအရ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ ၂၀၀၁–ခုနှစ်၊ ရှေ့နေချုပ်၊ နည်းဥပဒေ–၅၁–အရ အောက်ပါ စာရွက်စာတမ်းများကို သက်ဆိုင်ရာ ဥပဒေ ရုံးသို့ ပေးပို့ရမည်။

(က) ပထမ သတင်းပေး တိုင်ချက် သို့မဟုတ်– ဦးတိုက်လျှောက်လွှာ။

(ခ) တရားလို၊ တရားခံနှင့် လိုအပ်သော သက်သေတို့၏ ထွက်ဆိုချက်အပြည့်အစုံ။

(ဂ) တရားရုံး၌ ပေးထားသော ဖြောင့်ချက်၊ ကြိုတင်ထွက်ဆိုချက်ရှိပါက၊ ယင်းဖြောင့်ချက် ၊ ကြိုတင် ထွက်ဆိုချက်ရှိကြောင်း ဖော်ပြချက်။

(ဃ) အမှုနှင့် ဆက်စပ်သော သက်သေခံ စာရွက်စာတမ်းများနှင့် ရေးမှတ်ထားသော စာရွက် စာတမ်း များ – ဟုဖော်ပြထားပါသည်။

သို့သော် အမှုတွဲ နှစ်မှုစလုံး အတွက် အထက်ဖော်ပြပါ အချက်အလက်များ မပြည့်မစုံ၍ တရားစွဲတင် နိုင်လောက်သည့် အချက်အလက်တစုံတရာ မပေါ်ပေါက်ဘဲ၊ တရားစွဲတင်စေရန် ဥပဒေအကြံပေးခဲ့ခြင်းမှာ ကြီးလေးသော ပြစ်မှုကြီးတခုဖြစ်ပါသည်။

၄။ မဟန်နီဦး(ခ) မဟန်နီ အမှုနှင့်ပတ်သက်၍ သက်သေအထောက်အထား အနေဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသော စစ်ကြောချက် တခုသာ တွေ့ရှိရပါသည်။ ထိုရဲထံစစ်ကြောစဉ်ထွက်ဆိုချက်မှာ သက်သေခံဥပဒေ ပုဒ်မ–၂၆ အရ"ရဲထံတွင် အချုပ်ခံနေရစဉ်အတွင်းတရားခံ၏ ဖြောင့်ချက်ကိုရင်း ပေါ်တွင်သက်သေခံတင်ပြခြင်း မပြုရ။"ဟု ဥပဒေ ပြဋ္ဌာန်း ချက်ကို မျက်ကွယ်ပြုခဲ့သည်။ ရှာဖွေပုံစံထဲတွင် ရဲရှေ့ အစစ်ခံချက်ကို ထည့်သွင်း တင်ပြ၍ မရ။ ရဲရှေ့ အစစ်ခံရာ တွင် ထွက်ချက်အပေါ်၌ အစစ်ခံရသူ ကို လက်မှတ်ထိုးခိုင်း၍ မရ။

၅။ (၂၅–၉–၂၀၀၇) ရက်နေ့က မဟန်နီဦးကို ယုဇနပလာဇာမှာ လူအုပ်ကြီးနှင့်အတူ ဆန္ဒပြချီတက်ရာတွင် ပါဝင်သည်၊ စစ်အစိုးရဆန့်ကျင်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး တို့ကို ကြွေးကြော်ခဲ့သည်ကို မြင်ကြားခဲ့သည် ဟုပြောဆိုသူအား တိုက်ရိုက်စစ်ဆေးချက်ရယူရန် လိုပါသည်။ လူအုပ်ကြီး၏ အသံထဲမှ၊ မဟန်နီဦး၏ အသံ၊

လူအုပ်ကြီးထဲမှ မဟန်နီဦး တဦးတည်းကိုမှ မှတ်မိသည် ဟုပြောဆိုချက်အတွက် လူစီတန်းပြသစစ်ဆေးချက် ပြုလုပ်ရပါမည်။ လုပ်ရှားမှု၊ အသံအတွက် အထောက်အထား၊ ရုပ်ရည် ဝတ်စားဆင်ယင်မှု အတွက် ဓါတ်ပုံ အထောက်အထား၊ သက်သေခံ လိုအပ်သည့် စာရွက်စာတမ်း စသည့်သက်သေခံအထောက်အထား တခုမျှ တင်ပြနိုင်ခြင်းမရှိဘဲ တရားစွဲတင်ရန် ဥပဒေအကြံပေးခဲ့သည်။

သက်သေခံဥပဒေ ပုဒ်မ–၉ အရ–"တစုံတယောက်သော သူ၏ ဟုတ်မှန်သည်၊ မမှန်သည် ကို ထင်ရှားစေရန် လူစီတန်းပြသခြင်း" လုပ်ရမည်ဟု ပြဌာန်းသော်လည်း ထိုကဲ့သို့လုပ်ဆောင်ခြင်းမရှိပါ။

တရားစွဲဆိုသူ တရားလိုများကိုယ်တိုင်က သက်သေခံဥပဒေ ပုဒ်မ–၆၀ အရ"နှုတ်သက်သေခံချက်သည် တိုက်ရိုက်ဖြစ်စေရမည်။"ဆိုသောမူကို ချိုးဖောက်ပြီး တဆင့်ကြားသက်သေခံချက်များကို တင်ပြနေခြင်းမှာ တရားစွဲ အဖွဲ့အစည်းအနေဖြင့် သက်သေအထောက်အထား တင်ပြနိုင်မှုမရှိပါ။

၆။ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁/၂၀၀၁) အပိုဒ်–၇–တွင်"တာဝန်ခံ ဥပဒေအရာရှိသည် အမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေ အကြံပေးရာတွင် အမှုဖြစ်အကြောင်းခြင်းရာ အချက်အလက်ဖော်ပြမှု၊ မှန်ကန်ရန် တာဝန်ယူရမည့် အပြင်၊ ယင်းအမှုဖြစ် အကြောင်းအရာ အချက်အလက်မှာ ဥပဒေတားမြစ်ချက်တွင် အကျုံးဝင်မှု ရှိမရှိ၊ သုံးသပ်ချက်မှန်ကန်မှု ရှိစေရန်လည်း တာဝန်ယူရမည်။" ဟု ညွှန်ကြား ထားသော်လည်း ဥပဒေအရ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည် ကိုတွေ့ရ ပါသည်။

၇။ မဟန်နီဦး အမှုနှင့် စပ်လျဉ်း၍ တာဝန်ခံဥပဒေအရာရှိနှင့် ရှေ့နေချုပ်တို့သည် တည်ဆဲ ပြစ်မှုဆိုင်ရာ ဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေနှင့် ရှေ့နေချုပ် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် ပျက်ကွက်သည့် အတွက် အပြစ်ကင်းမဲ့သော မဟန်နီဦး မှာ နှစ်ရှည်ထောင်ဒဏ် ကျခံရတော့မည့် အခြေအနေ ရောက်နေပါသည်။ အဓိက တာဝန်အရှိဆုံး ဖြစ်သော ရှေ့နေချုပ်အား တာဝန်မှ ရပ်စဲရန် တောင်းဆို ပါသည်။

မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ

နေ့စွဲ–ဩဂုတ်လ (၁)ရက်၊ ၂၀၀၈–ခုနှစ်

အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန်– ဦးမျိုး (၀၈၆၂၁၆ ၀၁၀၈)၊ တာဝန်ခံ၊ ဥပဒေ ရေးရာ သုံးသပ်ရေး အဖွဲ့။

မှတ်ချက်။ ။ မဟန်နီဦးမှုခင်းနှင့် စပ်လျှဉ်း၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းပေးသည့် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (**AAPP**) အားကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ

## သက်သေထွက်ချက်

အရှေ့ပိုင်းခရိုင် ပြည်နယ်/တိုင်း /ခရိုင်/မြို့နယ် တရားရုံး

၂၀၀၈ ခုနှစ် ၊ ပြစ်မှုကြီး မှုအမှတ် ၃၀။

၂၀၀၈ ခုနှစ်၊ မတ်လ၊ ၁၉ ရက်။

တရားလို
―――――
တရားခံ　　သက်သေအမှတ် လိုပြ သက်သေ ၏ ထွက်ချက်

သက်သေအား ကျမ်းကျိန်ဆို ကတိသစ္စာပြုစေပြီး ထွက်ဆိုစေသည်မှာ–

| | |
|---|---|
| အမည် | ဒုရဲအုပ် – စိုးမိုးအောင် |
| အသက် | (      ) နှစ် |
| အမျိုးသားမှတ်ပုံအမှတ် | လ–၁၃၄၁၇၂ |
| လူမျိုး | ―――――――――――――――――――― |
| ကိုးကွယ်သည့်ဘာသာ | ―――――――――――――――――――― |
| နေရပ် | တာမွေရဲစခန်း |
| အလုပ်အကိုင် | ―――――――――――――――――――― |
| မိဘအမည် | ―――――――――――――――――――― |

အဓိကစစ်မေးခြင်း။　　　။ ကျတော်သည် တာမွေရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင်ဖြစ်ပါသည်။ ကျတော်သည် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၏ အထက်အရာအရှိကြီးများ၏ ညွှန်ကြားချက်အရ မိမိရဲစခန်းပိုင်နယ်မြေအတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ငြိမ်ဝပ်ပိပြားမှုပျက်ပြားအောင်ပြုလုပ်၍ အသင်းအဖွဲ့များလှုပ်ရှားမှုများ အားနည်းအမျိုးမျိုးဖြင့် ပစ်မှတ်များသတ်မှတ်လျှက် စောင့်ကြပ်ကြည့်ရှုရမည့် တာဝန်အား အထူးတာဝန်တရပ်အနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ တာမွေမြို့နယ် ၊ နတ်မောက်ရပ်ကွက်၊ နတ်မောက်လမ်း အမှတ် – ၁၆၊ နေ မဟာန်နီဦး (ခ)ဟာန်နီ ဒဂုံဥပဒေနောက်ဆုံနှစ်သည် နိုင်ငံတော်အားဆန့်ကျင်သည့် အန်အယ်လ်ဒီ–ဂဇမျိုးဆက်တို့နှင့် ဆက်သွယ်ပြီး နိုင်ငံပြင်ပ သတင်းပြည် မီဒီယာများနှင့် ဆက်သွယ်လျှက်ရှိကြောင်း၊ အမာခံသတင်းပေးများထံမှ ရရှိသည့် သတင်းများအရ မျက်ခြေမပျက်စောင့်ကြပ်ကြည့် ရှုပြီး၊ နတ်မောက်ရပ်ကွက် ၏ အပိုင်နယ်ထိန်း၊ တပ်ကြပ်ကြီးမြင့်သူအားလည်း၊ မျက်ခြေမပျက်၊ စောင့်ကြပ်ကြည့်ရှုရန် မှာကြား၍ ဆောင်ရွက်ခဲ့ရာ မဟာန်နီဦး (ခ) ဟာန်နီသည် ၂၀၀၇ ခုနှစ် ဩဂုတ်လအတွင်း ၎င်းနေအိမ်၌ ကျောင်းသားသမ္မဂ္ဂဖွဲ့စည်းခဲ့ကြောင်းနှင့် ၎င်းသမ္မဂ္ဂအဖွဲ့တွင်ပါဝင်ကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး ပျက်ပြားစေမည့် အပြုအမူများ၊ တို့တာဝန်အရေးသုံးပါးအား ထိခိုက်စေမည့်လုပ်ရပ်များအားပြုလုပ်သူဖြစ်ကြောင်းသတင်းအရ ၊ စောင့်ကြပ်၍ ကြည့်ရှုခဲ့ရာ၊ ၎င်းသည် ၂၀၀၇ ခုနှစ် စက်တင် ဘာလက အရေးအခင်း (၂၅၊ ၉၊ ၀၇) နေ့နှင့် (၂၆၊ ၉၊ ၀၇) နေ့တို့၌ ၎င်းတို့ သမ္မဂ္ဂအဖွဲ့ဖြစ်သည့် ရာဟုကျော်ကျော်မောင်၊ စည်သူမောင်၊ မောင်သန့်ဇင်ဦး၊ သဉ္ဇာခိုင်တို့နှင့် ပူးပေါင်း၍ ယုဇနပလာဇာ မင်္ဂလာဈေးနှင့် တာမွေ၊ နတ်မောက်လမ်း အမှတ် – ၁၆ တို့တွင် စစ်အစိုးရပြုတ်ကျရေး "တို့အရေး" "စစ်အစိုးရ ဆန့်ကျင်ကျ" စစ်အစိုးရအလိုမရှိ၊ ကုန်ဈေးနှုံးကျဆင်းရေး၊ ဒို့အရေးစသည့် ကြွေးကြော်သံများအား မဟာန်နီကိုယ်တိုင် ခွပ်ဒေါင်းအလံကိုင်ဆောင်လျှက် ဆူပူဆန္ဒပြရာ ပါဝင်ခဲ့သည်ကို ကျတော်နှင့် တပ်ကြပ်ကြီး မြင့်သူ၊ သက်သေဦးအောင်သန်းမြင့်နှင့် ဦးသက်တင်တို့မြင်တွေ့ကြားသိလျှက် မဟာန်နီဦး (ခ)ဟာန်နီသည် ရေဝတီသတင်းဌာနနှင့် အာရ်အက်ဖ်အေ၊ ဗွီအိုအေ ဌာနများသို့ဆက်သွယ်၍ အများပြည်သူမှ နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားစေမည့် ပြောဆိုမှုများအားလည်း ပြုလုပ်ခဲ့သူဖြစ်ကြောင်း အမာခံသတင်းပေးများမှ တဆင့်သိရှိခဲ့ရပါသည်။

ကျတော်တို့ဖမ်းဆီးခဲ့သည်ဆိုသော မဟာန်နီဦးသည် ယခုရုံးရှေ့ရှိ တရားခံဖြစ်ပါသည်။

**တရားခံရှေ့နေမေး ။** ။ကျတော်၏ ထွက်ချက်၌ နိုင်ငံတော်အား ဆန့်ကျင်သည့် အန်အယ်လ်ဒီဟု ထွက်ဆိုထားသည်ဟု ဆိုလျှင် – မှန်ပါသည်။ အန်အလ်ဒီသည် တရားဝင်နိုင်ငံရေးပါတီအဖြစ် ရပ်တည် လျှက်ရှိသည်ကို ကျတော်သိသလားဆိုလျှင်– အန်အလ်ဒီ – သည်အမျိုးသားညီလာခံမှ ၎င်း၏ သဘော ဆန္ဒအရ တရားဝင်နုတ်ထွက်သွားခဲ့ပြီးဖြစ်ပါသည် လက်ရှိတရားဝင်ခြင်း ရှိ /မရှိအားကျတော် မသိပါ။ အန်အလ်ဒီသည် နိုင်ငံတော်အား ဆန့်ကျင်ခဲ့ရိုးမှန်ပါက တရားဝင် ပါတီအဖြစ်ရပ်တည်ရာမှ တရားဝင် ဖျက်သိမ်း ခဲ့မည်ကို သိသလား ဟုဆိုပါက၊ ဖျက်သိမ်း/မသိမ်းသည်နိုင်ငံတော်နှင့် သက်ဆိုင်၍ ကျတော် မသိပါ။ နိုင်ငံတော်အား အန်အယ်လ်ဒီမှ ဆန့်ကျင်သည်ဆိုသော စကားရပ်သည် ကျတော်၏ ယူဆချက် သက်သက်သာဖြစ်သည် ဟုဆိုလျှင် – မဟုတ်ပါ။

အန်အယ်လ်ဒီသည် ကျတော်ထွက်ဆိုသကဲ့သို့ နိုင်ငံတော်အား ဆန့်ကျင်ခဲ့ရိုးမှန်ပါက တရားစွဲ ဆိုခြင်း ခံရမည်ဖြစ်ပြီး မဆန့်ကျင်၍ တရားဝင်ပါတီအဖြစ် တည်ရှိနေခြင်းဖြစ်သည်ဟု ဆိုလျှင် – အန်အလ်ဒီပါတီအပေါ် တရားစွဲဆိုမည် မစွဲဆိုမည်ကို စသည့် ကိစ္စသည် နိုင်ငံတော်နှင့် သက်ဆိုင်ပါသည်။ အန်အလ်ဒီသည် နိုင်ငံတော်အား ဆန့်ကျင်သည်ဟုဆိုသော စာရွက်စာတမ်း အထောက်အထားအား ယခုရုံး–ရှေ့၌ မတင်ပြနိုင်ဟုဆိုလျှင်– ယခုရုံးရှေ့တွင် တင်ပြနိုင်ခြင်းမရှိပါ။ ၈၈ မျိုးဆက်တို့နှင့် ဆက်သွယ်၍ နိုင်ငံပြည်ပသတင်းမီဒီယာများနှင့် ဆက်သွယ်လျှက်ရှိကြောင်းအမာခံသတင်းပေးများထံမှ ရရှိသည်ဟုဆိုသောကြောင့်ကျတော်ကိုယ်တိုင် တိုက်ရိုက်သိရှိခြင်း မဟုတ်တဆင့်သိရသည်များအား ရုံးရှေ့တွင်လာရောက်ထွက်ဆို နေခြင်းဖြစ်သည်ဟု ဆိုပါက– အမာခံသတင်းပေးများထံမှ စုံစမ်းသိရှိခဲ့မှုများဖြစ်ပါသည်။

အမာခံသတင်းပေးဆိုသူများအား သက်သေစာရင်း ကျတော်တင်ပြထားသလားဟုဆိုပါက॥ သက်သေအဖြစ်တင်ပြထားခြင်းမရှိပါ။ ပြည်ပနှင့် ဆက်သွယ်လျှက်ရှိကြောင်း၊ ကျတော်၏ ထွက်ဆိုချက်နှင့် ပတ်သက်၍ စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ပါသလားဟုဆိုလျှင်– ကျွန်တော်အနေဖြင့် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိပါ။ ကျောင်းသားသမ္မဂ္ဂဖွဲ့စည်းသည့် စာရွက်စာတမ်း အထောက်အထားနှင့် အဖွဲ့အစည်းတွင်ပါဝင်သူများအား –––––– ပြုစု၍ တင်ပြနိုင်သလားဟုဆိုပါက – မတင်ပြနိုင်ပါ။

ကျောင်းသားသမ္မဂ္ဂဖွဲ့စည်းကြောင်း အထောက်အထားအား မတင်ပြနိုင်သည့်အပြင် ကျောင်းသားသမ္မဂ္ဂ၌ မဟန်နီဦးပါဝင်သည်ဟု ဆိုကာ ၎င်း ပါဝင်မှုသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးပျက်ပြားသည့် အပြုအမူဟု ကျတော်မှ အထောက်အထားမရှိဘဲ၊ စွပ်စွဲနေသည်ဟုဆိုပါက – ရရှိသတင်းချက်များအရဖြစ်ပါသည်။ စစ်အစိုးရ ပြုတ်ကျရေး ဒို့အရေး၊ စစ်အစိုးရဆန့်ကျင်ရေး၊ စစ်အစိုးရ အလိုမရှိဆိုသော အထောက်အထားနှင့်ပတ်သက်၍ ရုံးရှေ့ သို့ ကျတော် မတင်ပြနိုင်ဟုဆိုလျှင် – နှုတ်ဖြင့် ပြောဆိုခြင်းဖြစ်၍ စာရွက်စာတမ်း မရှိပါ။

၂၅–၉–၀၇ နေ့နှင့် ၂၆–၉–၀၇ နေ့တို့တွင် ဟန်နီဦးအပါအဝင် ကျောင်းသားများက ယုဇနပလာဇာ၊ မင်္ဂလာဈေးနှင့် တာမွေနတ်မောက်လမ်း အမှတ်– ၁၆ တို့တွင်ကြွေးကြော်သံများပြုလုပ်သည့်အထဲတွင် ဟန်နီဦး ပါဝင်သကဲ့သို့ထွက်ဆိုထားမှုနှင့် ပတ်သက်၍ ဓာတ်ပုံသတင်းမှတ်တမ်းဖြင့် အမှုတွဲ၌ တင်ပြနိုင်ခြင်းမရှိဟု ဆိုပါက – မှန်ပါသည်။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလတွင် လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်းတို့အတွက် ရဟန်းသံဃာနှင့် ပြည်သူများသည် မေတ္တာသုတ်ရွက်၍ ဆန္ဒဖော်ထုတ်လမ်းလျှောက်ခဲ့ကြသည်ကို ကျတော်သိသလားဟု ဆိုပါက॥ အစပိုင်းတွင် မှန်ပါသည်။ နောက်ပိုင်း၌ ဆန့်ကျင်ပြောဆိုမှုများ ရှိခဲ့ပါသည်။ ကုန်ဈေးနှုန်းမြင့်တက်မှုသည် မှန်ကန်မှုရှိ၍ အမှန်အတိုင်းပြောဆိုမှုသည် ပြစ်မှု မမြောက်သည်ကို ကျတော်သိသလားဟုဆိုပါက – အမှန်ကို အမှန်အတိုင်းပြောဆိုခြင်းသည် ပြစ်မှုမမြောက်ပါ။

ကျတော်၏ အဓိကထွက်ဆိုချက်တွင် မဟန်နီဦးသည် ခွပ်ဒေါင်းအလံကိုင်ဆောင်၍ ဆန္ဒပြရာ၌ ပါဝင်ခဲ့သည်ဟု ဆိုသော်လည်း ယင်းသို့ပါဝင်ခဲ့ကြောင်း ဓါတ်ပုံမှတ်တမ်း အနေဖြင့် အမှုတွဲတင်ပြနိုင်ခြင်း မရှိဟု ဆိုပါက – မှန်ပါသည်။ ကျတော်၏ အဓိကထွက်ဆိုချက်၌ ထိုသို့ဆန္ဒပြရာတွင် ပါဝင်ခဲ့ကြောင်း၊ မျက်မြင် သက်သေများဖြစ်သည့် ဦးအောင်သန်းမြင့်နှင့် ဦးသက်တင်တို့မြင်တွေ့ကြားသိခဲ့ရသည်ဟု ထွက်ဆိုချက် နှင့် ပတ်သက်၍ ဟန်နီဦး မည်သို့ထိုစဉ်က ဝတ်စားထားသည်ကို ပြောပြနိုင်သလားဟု ဆိုပါက – မြင်တွေ့ကြား သိခဲ့ခြင်း မှန်ပါသည်။ ဝတ်စားဆင်ယင်မှုအား မမှတ်မိပါ။ မဟန်နီဦးသည် နိုင်ငံခြား သတင်းဌာန များနှင့် ဆက်သွယ်ခဲ့သည်ဟု ကျတော်ထွက်ဆိုထားသော်လည်း ထိုသို့ဆက်သွယ်ခဲ့ကြောင်း၊ အထောက်အထားအား ကျတော်

မတင်ပြနိုင်ဟု ဆိုပါက – မှန်ပါသည်။ ကျတော်၏ ထွက်ဆိုချက်၌ နိုင်ငံတော်အစိုးရအပေါ်၌ အထင်အမြင်လွဲမှားစေသည့်ပြောဆိုမှုများ ပြုလုပ်ခဲ့သူဖြစ်ကြောင်း၊ ထွက်ဆိုခဲ့သော်လည်းမည်ကဲ့သို့ပြောဆိုသည် ဆိုသော အထောက်အထားအား ကျတော် မတင်ပြနိုင်ဟုဆိုလျှင် နှုတ်ဖြင့်ပြောဆိုခြင်းဖြင့်ပြီး စာရွက်စာတမ်းမရှိပါ။ နှုတ်ဖြင့် ပြောဆိုသည့် ကျတော်၏ ထွက်ဆိုချက်နှင့် ပတ်သက်၍ နှုတ်ဖြင့်မည်သို့ပြောဆိုကြောင်းမည်သည့် နေရာ၌ မည်သူများအားပြောဆိုခဲ့ကြောင်း၊ မည်သည့်နေ့က မည်သည့် သတင်းဌာနသို့ဆက်သွယ်သတင်းပို့ခဲ့ကြောင်း ၊ ခိုင်မာသည့်ထွက်ဆိုချက်အထောက်အထားအနေဖြင့် ကျတော် မတင်ပြနိုင်ဟုနိုင်ဟုဆိုက – ယုဇနပလာဇာနှင့် မင်္ဂလာဈေးရှေ့တို့တွင် ပြောဆိုခဲ့ကြောင်း၊ ထွက်ဆိုခြင်းဖြစ် ပါသည်။ ထိုကဲ့သို့ထွက်ဆိုချက်များရှိခဲ့ကြောင်း လာရောက်တင်ပြနေသည်မှာ ကျတော်၏ ဤမိကထွက်ဆိုချက်ဖော်ပြပါရှိပြီး ဖြစ်သော အမာခံသတင်းပေးမျာ့ူ တဆင့်ကြားသိခဲ့ရသည်ကို ထွက်ဆိုနေခြင်း ဖြစ်သည်ဟုဆိုပါက – တွေ့မြင်ကြား သိရခြင်းမှာ ကိုယ်တိုင်မြင်တွေ့ကြားသိရခြင်းဖြစ်ပါသည်။ ကိုယ်တိုင်မြင်တွေ့ ကြားသိသည်ဟု ဆိုခြင်းနှင့် ပတ်သက်၍ ထိုအချိန်က ဟန်နီဦးအား မည်သည့်အနေအထား ပုံသဏ္ဍာန် နှင့်တွေ့ရပြီး ၎င်းနှင့်အတူ ပါဝင်သူတို့အား ဘာကြောင့် မဖမ်းဆီးခဲ့ဘဲ ၊ တရားစွဲဆိုခြင်း မပြုခဲ့သလဲဟုဆိုပါက – ဖမ်းဆီးရမိခြင်းမရှိသေး၍ ဖြစ်ပါသည်။ အဖွဲ့အစည်းကြီးတခုအနေဖြင့်ဖွဲ့စည်းခဲ့သည်ဆိုသော (သို့မဟုတ်) ဖွဲ့စည်းထားသည်ဟု ဆိုသော အထောက်အထားစာရွက်စာတမ်း၊ တင်ပြနိုင်သလားဟု ဆိုလျှင် ကျတော် ထံတွင် အထောက်အထား မရှိခြင်း ဖြစ်ကြောင်း ထွက်ဆိုဖြစ်ပါသည်။

အချို့အမှုများ၌ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ အထောက်အထားများအား တခါတရံခါတ်ပုံ မှတ်တမ်းပြုလုပ်ပြီး ရဲလုပ်ငန်းတရပ်အနေဖြင့် အမှုတွဲ၌ ပူးတွဲတင်ပြလေ့ရှိသည်ဟုဆိုပါက – မှန်ပါသည်။ ဟန်နီဦးအား (၉–၁၀–၀၇) နေ့၌ စတင်ဖမ်းဆီးသွားပြီး ၎င်းအား အင်းစိန်ထောင်ရှိ ခန်းမ အမှတ် ၃ တွင် (၂၀–၁၂–၇) နေ့မှ စတင်၍ ရီမန်ယူခဲ့သည်ကို သိသလားဟုဆိုပါက– ရီမန်ယူသည့် ကိစ္စအား ကျတော် မသိပါ။ အမှုစစ်သာ သိပါလိမ့်မည်။ ဖမ်းဆီးသည့်အဖွဲ့တွင် ကျတော်မပါဝင်၍ မသိပါ။

ဟန်နီဦးသည် ရန်ကုန်တက္ကသိုလ် ဥပဒေ စတုတ္ထနှစ် ကျောင်းသူဖြစ်ပြီး (၂၅–၉–၀၇) ရက်နေ့နှင့် (၂၆–၉–၀၇) နေ့များတွင် စာမေးပွဲဖြေဆိုနေရချိန်ဖြစ်သည်ကို သိသလားဟု ဆိုပါက – ၎င်းအချိန်များတွင် စာမေးပွဲရှိမရှိကို ကျတော်မသိပါ။ ဥပဒေစတုတ္ထနှစ် ပညာသင်ကြားနေသူဖြစ်ကြောင်း၊ ကျတော်သိသည်ဟု ဆိုပါက – မှန်ပါသည်။ ဟန်နီဦးသည် (၂၅–၉–၀၇) ရက်နေ့နှင့် (၂၆–၉–၀၇) နေ့တို့၌ စာမေးပွဲဖြေဆိုနေချိန်ဖြစ်၍ ထိုသို့ စာမေးပွဲအား ပြီးဆုံးခဲ့သည်အထိ ဖြေဆိုခဲ့သူဖြစ်သောကြောင့် ၄င်းနေ့ရက်များ၌ ဟန်နီဦး ပါဝင်လှုပ်ရှားများနှင့် ပတ်သက်၍ လုံးဝ ပေါ်ပေါက်နိုင်ခြင်း မရှိသည်ဆိုသော အချက်အား ကျတော်သိပါသလား ဟုဆိုပါက – ပြီးဆုံးတိုင်အောင် စာမေးပွဲဖြေခဲ့ခြင်း ရှိမရှိ အားကျတော်မသိပါ။ (၂၅–၉–၀၇) ရက်နေ့နှင့် (၂၆–၉–၀၇) နေ့များ၌ သက်သေများ၊ မိတ်ဖက်အဖွဲ့အစည်းအများနှင့် အတူတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဟန်နီဦး ၏ ဘက်မှ (၂၅–၉–၀၇) ရက်နေ့နှင့် (၂၆–၉–၀၇) နေ့တို့တွင် တက္ကသိုလ် ဥပဒေဌာနမှ စာရွက်စာတမ်းအထောက်အထား တင်ပြနေ့တွင် ကျတော်နှင့် မျက်မြင်သက်သေတို့သည် မမှန်မကန် ထွက်ဆိုနေကြသူများဖြစ်ကြောင်း ပေါ်ပေါက်မည်ဖြစ်သည်ဟု ဆိုပါက – မမှန်မကန် ထွက်ဆိုခဲ့ခြင်းမရှိပါ။

ပြန်ရှင်းမေး – မရှိပါ

ဖတ်ပြ မှန်ဝန်ခံသည်။

ဒေါ်အေးသိန်း(တ/၁၇၂၄)
ဒုတိယ ခရိုင် တရားသူကြီး(၁)
အရှေ့ပိုင်း ခရိုင်တရားရုံး
ရန်ကုန်မြို့

**သက်သေထွက်ချက်**
ရန်ကုန် အရှေ့ပိုင်း ခရိုင် တရားရုံး
၂၀၀၈–ခုနှစ်၊ ပြစ်ကြီး မှုအမှတ်–၃၀

၂၀၀၈–ခုနှစ်၊ မတ်လ –၂၄–ရက်၊

လိုပြ (၂) ၏ ထွက်ဆိုချက်၊

သက်သေအား ကျမ်းကျိန်ဆို၊ ကတိသစ္စာပြုစေပြီး၊ ထွက်ဆိုသည်မှာ–

အမည်– ရဲအုပ်လှသိန်း၊
အသက်– (၃၅) နှစ်
အမျိုးသား မှတ်ပုံတင်အမှတ်– လ/၁၅၅၉၅၃
လူမျိုး– ဗမာ
ကိုးကွယ်သည့်ဘာသာ– ဗုဒ္ဓ
နေရပ်– ညောင်နှစ်ပင်(က) ရဲစခန်း
အလုပ်အကိုင် – ရဲအုပ် (စခန်းမှူး)
မိဘအမည် – ဦးထွန်းလှ၊ ဒေါ်အေးမြ

**အဓိက ထွက်ဆို အစစ်ခံချက်**။ ။ ကျနော်သည် တာမွေရဲစခန်းတွင် စခန်းမှူးတာဝန်ဆောင်ရွက် နေစဉ် (၁၀ – ၁၂–၀၇) ရက်နေ့တွင် သတင်းတပ်ဖွဲ့မှ ဒုရဲမှူး လှထွန်းသည် ကျနော်၏ ရဲစခန်းအပိုင် တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ နတ်မောက်လမ်း အမှတ်–၁၆ –နေ အဘဦးထွန်းဦး၏ သမီးဖြစ်သူ မဟန်နီဦး (ခ) ဟန်နီ ၏စစ်ကျောချက် (၄) စောင်အား သက်သေများရှေ့တွင် ပေးအပ်လာသဖြင့် ကျနော်မှ ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး စစ်ကျောချက်အားစစ်ဆေးရာတွင် ဟန်နီဦး(ခ) ဟန်နီသည် ဒဂုံတက္ကသိုလ် တွင် ဥပဒေအနီးကပ် ဘာသာရပ်ကို အနီးကပ်ဖြင့် စတုတ္ထနှစ်ကိုသင်ကြားခဲ့ကြောင်း၊ ၂၀၀၇–ခုနှစ်၊ဇွန်လတွင် ရာဟုကျော်ကျော်မောင်၊ စည်သူမောင်၊ အောင်သန့်ဇင်၊ သဥ္စာခိုင် တို့နှင့်အတူ မဟန်နီဦး အပါအဝင် (၅) ဦးတို့သည် တရားမဝင် ကျောင်းသား သမဂ္ဂအား စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ကျောင်းသား သမဂ္ဂ ဖွဲ့စည်းပြီးနောက် ရာဟုကျော်ကျော်မောင်၊ စည်သူမောင်၊ အောင်သန့်ဇင်ဦး၊ သဲသဲ၊ သဥ္စာခိုင်တို့နှင့် အတူ ဟန်နီဦး သည်၄င်းနေအိမ်တွင် လက်ကိုင်ဖုန်းဖြင့် ဧရာဝတီ သတင်းဌာန၊ အာအက်ဖ်အေ၊ ဗွီအိုအေ တို့နှင့် ဆက်သွယ်ခဲ့ရာ ဖုန်းဘက်ထရီ ကုန်သွားသဖြင့် ယုဇနပလာဇာအနီးရှိ ရာဟုကျော်ကျော်မောင်၏ နေအိမ်သို့သွားရောက်ပြီး ရာဟုကျော်ကျော်မောင် နေအိမ်ရှိ တယ်လီဖုန်း အမှတ်–၂၀၀၃၉၇ ဖြင့် ပြည်ပမီဒီယာများသို့ ချိပ်ဆက် ပြောဆိုခဲ့ရာတွင် ရာဟုကျော်ကျော်မောင်မှ ပြည်ပမီဒီယာများအား ကျောင်းသား သမဂ္ဂ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ သမဂ္ဂတွင် ကျောင်းပေါင်းစုံမှ ကျောင်းသားများပါဝင်ပြီး နယ်ကျောင်းများတွင်လည်း ကျောင်းသားသမဂ္ဂ ဖွဲ့စည်းပြီးဖြစ်သည်ဟု ပြောဆိုခဲ့ကြောင်း၊ အာအက်ဖ်အေ သတင်းဌာနသို့ ဖုန်းဖြင့်ဆက်သွယ် ပြောကြားခဲ့ရာတွင် အာအဖ်အေသတင်းဌာနမှ မိန်းခလေးတွေရှိသလား မေးမြန်းရာတွင် မဟန်နီဦးမှ ဖုန်းဖြင့်ဝင်ရောက် ပြောကြားခဲ့ကြောင်း၊ မဟန်နီဦးသည် ကျောင်းသား သမဂ္ဂ ဖွဲ့စည်းပြီးနောက်၊ ရာဟုကျော်ကျော်မောင်၊ စည်သူမောင်၊ အောင်သန့်ဇင်ဦး၊ ညီညီလင်း တို့ နှင့် ဆက်သွယ်၍ အမည်ဝှက်များဖြင့် နိုင်ငံခြား အသံလွှင့် မီဒီယာများထံ ဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း၊(၁၅–၉–၀၇) ရက်နေ့တွင် မဟန်နီဦးတို့ ကျောင်းသားသမဂ္ဂများ အနေဖြင့် အင်ဒိုနီးရှား သံရုံး အနီးရှိ မုန့်ဟင်းခါးဆိုင်တွင် ဝေလင်းအောင် (ဥပဒေ နောက်ဆုံးနှစ်)၊ သီရိသက်ဝေဦး (ဥပဒေ တတိယနှစ်)၊ စည်သူမောင် ၊ရာဟုကျော်ကျော်မောင် နှင့် အမည်မသိ (၃)ဦးတို့သည် စာကြဲရန် ဆွေးနွေးခဲ့ကြောင်း၊ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းပြီး (၂)လခန့် အကြာ၊ ရာဟုကျော်ကျော်မောင်၊ သန့်ဇင်အောင်၊ သန့်ဇင်ဦး၊ သိန်းမင်းစိုး တို့သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအမည်ခံ၍ အချက်(၃)ချက်ပါ စာရွက်များအား လှည်းတန်း၊ စံပြရုပ်ရှင်ရုံ နှင့် မြင်သာဈေး စသည့်နေရာများတွင် တယောက်စီ ဖြန့်ခွဲ၍ စာကျဲချခဲ့ကြောင်း၊ ၄င်းစာကျဲမှုအား ပြည်ပမီဒီယာများထံသို့ ပြောပြရန် ဆက်သွယ်ခဲ့ရာတွင် ဆက်သွယ်မှု မရခဲ့ခြင်း၊ ဟန်နီဦး (ခ) ဟန်နီ သည်

ကျောင်းသားသမဂ္ဂ အဖွဲ့တွင် ပါဝင်သည့် အောင်သန့်ဇင်ဦး ကိုင်ဆောင်ရန်အတွက် လက်ကိုင်ဖုန်း အမှတ်-၀၉၆၅၁၂၉၆၂၆ အား ၄င်းနှင့် ရင်းနှီးသူ ဖုန်းပွဲစား အောင်ထွန်းတို့မှ ရာဟုကျော်ကျော်မောင်၊ အမည်ဖြင့်ငှားရမ်းပေးခဲ့ကြောင်း၊ ကျောင်းသားသမဂ္ဂ အဖွဲ့ဖြစ်သည့် ရာဟုကျော်ကျော်မောင်၊ စည်သူမောင်၊ အောင်သန့်ဇင်ဦး သဥ္ဇာခိုင်၊ မေသူ၊ သဲသဲ၊ ထွဏ်နိုင်အောင်၊ မသက်၊ ကိုချစ် တို့နှင့်အတူ ဟန်နီဦး (ခ) ဟန်နီ သည် (၂၅-၉-၀၇) ရက်နေ့တွင် လူစုလူဝေးဖြင့် နိုင်ငံတော် အစိုးရအား ဆူပူဆန္ဒပြရာ၌ ခွပ်ဒေါင်းအလံများ ကိုင်ဆောင်၍ မင်္ဂလာဈေးမှ ကန်တော်ကြီး နတ်မောက်လမ်းအတိုင်း ရွှေတိဂုံ ဘုရားဘက်သို့ ချီတက်ဆန္ဒပြရာတွင် ပါဝင်ခဲ့ကြောင်း (၉-၁၀-၀၇)နေ့တွင် (၁၁-၀၀)အချိန်တွင် မဟန်နီဦးသည် အောင်သန့်ဇင်ဦးနှင့် အတူ တာမွေ လေးသံလမ်းမှတ်တိုင်တွင် တွေ့ဆုံပြီး အငှားယာဉ်ဖြင့် တောင်ဥက္ကလာပ (၁၄/၁၅) လမ်းဆုံသို့ သွားရောက်ကာ ၄င်းနေရာမှ တဆင့် အမှတ်-၅၀၅၊ (၉)လမ်း၊ (၁၁) ရပ်ကွက်၊တောင်ဥက္ကလာပ မြို့နယ်၊ နေအိမ်သို့ လမ်းလျှောက်သွားခဲ့ရာ နေအိမ်၌ ရာဟုကျော်ကျော်မောင်၊ စည်သူမောင်မောင် နှင့် မဝေ (ခ) မနန်းစိုးတို့အား တွေ့ရှိရကြောင်း ၊ ၄င်းနေအိမ် အပေါ်ထပ်နေ ရာဟု ကျော်ကျော်မောင် ၊စည်သူမောင် နှင့် အောင်သန့်ဇင်ဦး တို့အပေါ်တက်၍ အာအဖ်အေ၊ ဧရာဝတီ၊ သတင်းဌာနတို့ နှင့် ဆက်သွယ်ပြီး တယ်လီဖုန်း ပြောခဲ့ကြောင်း ဧရာဝတီ သတင်း ဌာနအား စည်သူမောင်မှ နေအိမ်အမည် ဖြစ်သော ရာပြည့်အမည်ကို အသုံးပြု၍ ကျောင်းသားသမဂ္ဂမှာ ငြိမ်နေခြင်းမဟုတ်ကြောင်း၊ ရသည့်နည်းဖြင့် လှုပ်ရှားသွားမည်ဖြစ်ကြောင်း ၊ဧရာဝတီ သတင်းဌာနနှင့် (၁၀) မိနစ်ခန့် ဆက်သွယ်၍၊ အာအက်ဖ်အေနှင့် ဖုန်းဆက်သွယ်ခဲ့ကြောင်း ထိုသို့ ဆက်သွယ်ရာ၌ ဟန်နီဦး (ခ) ဟန်နီ သည် အနီးနားတွင် ရှိနေခဲ့ကြောင်း၊ဧရာဝတီ သတင်းဌာနနှင့်အာအဖ်အေ သတင်းဌာနနှစ်ခုလုံးသို့ စည်သူမောင်မှ ကြေညာ ချက်ထုတ်ပြန်သည် ဆိုကာ လက်ရေးဖြင့် ရေးသားထားသည့် စာရွက်အား ဖတ်ပြခဲ့ကြောင်း၊ ထိုသို့ ပြည်ပအသံလွှင့်ဌာန၊မီဒီယာများနှင့် ဆက်သွယ်ပြောကြားနေစဉ် သက်ဆိုင်ရာမှ ရောက်လာပြီး၊ ဖမ်းဆီးရာ ဟန်နီဦး (ခ) ဟန်နီ နှင့် စည်သူမောင်တို့မှာ အဖမ်းခံရပြီး ရာဟုကျော်ကျော်မောင်နှင့် အောင်သန့်ဇင်ဦးတို့မှာ ထွက်ပြေးလွတ်မြောက် သွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ဟန်နီဦး (ခ) ဟန်နီ သည် ကျနော်တို့ ရဲစခန်းအပိုင် အတွင်း စောင့်ကြည့်ပစ်မှတ် အဖြစ် သတ်မှတ်ခံရသူဖြစ်ပြီး နယ်ထိန်းအရာရှိ ဒုရဲအုပ် စိုးမိုးအောင်၊ အပိုင် နယ်ထိန်း တပ်ကြပ်ကြီး မြင့်သူ တို့အဖွဲ့အား စောင့်ကြည့်စေခဲ့ရာ တွင်လည်း ဟန်နီဦး (ခ) ဟန်နီနှင့် ရာဟုကျော်ကျော်မောင်၊ စည်သူမောင်၊ အောင်သန့်ဇင်ဦး၊ သဥ္ဇာခိုင် တို့(၅) ဦးသည် ၂၀၀၇-ခုနှစ် ဩဂုတ်လ အတွင်း ဟန်နီဦး ၏ နေအိမ်တွင် ကျောင်းသား သမဂ္ဂအား စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ထိုသို့ ဖွဲ့စည်းပြီးနောက် နိုင်ငံတော် အစိုးရအား အကြည် ညိုပျက်စေအောင်၊ အမုန်းထားအောင် နှင့် မလေးစားအောင်ပြုလုပ်ခြင်း၊ အားထုတ်ခဲ့ခြင်း၊ ခွင့်ပြုချက်မရရှိဘဲ ကျောင်းသားသမဂ္ဂကို ဖွဲ့စည်းခြင်းတို့အား ပြုလုပ်ခဲ့ကြောင်း ၄င်းတို့အဖွဲ့မှ ကိုယ်တိုင်မြင်တွေ့ ကြားသိခဲ့ရ ကြောင်း တင်ပြလာခဲ့ပါသည်။ သို့ဖြစ်၍ ဟန်နီဦး (ခ) ဟန်နီ ၁၉၈၈-ခုနှစ်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း ဆိုင်ရာ ဥပဒေအရ အရေးယူပေးပါရန် ကျနော်မှ တိုင်ချက်ရေးဖွင့်ခဲ့သော အမှုဖြစ်ပါသည်။ သတင်းချက်ရေးဖွင့်သူ၏ လက်မှတ်မှာ ကျနော်၏ လက်မှတ်မှန်ပါသည်။ သက်သေခံအဖြစ် တင်သွင်းရာ ယင်းစာရွက်ကို <u>သက်သေခံ(က)</u> အဖြစ် လက်ခံပါသည်။ ဟန်နီဦး (ခ) ဟန်နီ အား သတင်းတပ်ဖွဲ့ ဒုရဲမှူးလှထွန်းမှ စစ်ကျောချက်များကို သိမ်းဆီးရာ ဒုရဲမှူးလှထွန်းမှ သက်သေ ဦးအောင်သန်းမြင့်၊ ဦးသက်ရှည် တို့ရှေ့မှောက်တွင် သိမ်းဆီးခဲ့ပါသည်။ သိမ်းဆီးသူ အရာရှိလက်မှတ်မှာ ကျနော်၏ လက်မှတ်ဖြစ်ပါသည်။ ၄င်းရှာဖွေပုံစံကို သက်သေခံအဖြစ် တင်သွင်းရာ <u>သက်သေခံ(ခ)</u> အဖြစ် လက်ခံပါသည်။ မဟန်နီဦး၏ ထွက်ဆိုချက် အမှတ်စဉ် (၁) မှ (၄) ထိ ကို သက်သေခံ အဖြစ် တင်ပြရာ <u>သက်သေခံ(ခ-၁)</u> အဖြစ် ရုံးမှ လက်ခံပါသည်။

ကျနော်သည် ယခု အမှုကို အမှုစစ်အဖြစ် ဆောင်ရွက်ခဲ့ရပါသည်။ အမှုအား လက်ခံရရှိပြီး (၁၀-၁၂-၀၇) ရက်နေ့တွင် ဒုရဲမှူး လှထွန်းအား စစ်ဆေးခြင်း၊ (၁၂-၁၂-၀၇) ရက်နေ့ တွင် ဒုရဲ အုပ်စိုးမိုးအောင်၊ တပ်ကြပ်ကြီး မြင့်သူ နှင့် တရားခံ မဟန်နီဦး(ခ)ဟန်နီ အားစစ်ဆေးခြင်း၊ (၁၉-၁၂-၀၇) နေ့တွင် သက်သေ ဦးအောင်သန်းမြင့်၊ ဦးသက်ရှည် တို့အား စစ်ဆေးခြင်း၊ တရားလို အစစ်ခံချက်အား အမှုတွဲတွင် တင်ပြထားရှိခြင်း၊ (၂၀-၁၂-၀၇) နေ့တွင် ဥပဒေအကြံပြုချက် တောင်းခံပြီး (၃-၁-၀၈) ရက်နေ့တွင် ဥပဒေ အကြံပြုချက် ရရှိကာ တရားခံအား အမှုဖြင့် ဖမ်းဆီးပြီး ဥပဒေ အကြံပြုချက်အရ အသင်းအဖွဲ့ဥပဒေ ပုဒ်မ-၆၊ ရဲစခန်း စွဲချက် အမှတ်-၆/၀၈ ဖြင့် တရားစွဲဆို တင်ပို့ခဲ့ပါသည်။

ယခုအမှုဖြင့် တရားခံ ဟန်နီဦးအား အသင်းအဖွဲ့များ ဥပဒေ ပုဒ်မ-၆ ၊ ဖြင့် တရားစွဲဆိုနိုင်ရန် တရားစွဲဆို ခွင့်ပြုမိန့်ကို သက်သေခံအဖြစ် တင်သွင်းရာ <u>သက်သေခံ(ဂ)</u> အဖြစ် လက်ခံပါသည်။

**တရားခံ ရှေ့နေ ပြန်လှန်မေး။** ။ ဟန်နီဦးကို (၉-၁၀-၀၇) ရက်နေ့တွင် စတင်ဖမ်းဆီး သည်ဆိုလျှင် - မှန်ပါသည်။ သက်ဆိုင်ရာမှ ဖမ်းဆီးသည်ဟု သိရပါသည်။ ဖမ်းဆီးရာတွင် တော့ ကျနော် မပါပါ။ ဟန်နီဦးအား သတင်း တပ်ဖွဲ့မှ ဒုရဲမှူး လှထွန်းက စစ်ကျောရေးပြုလုပ်ခဲ့ပြီးနောက် ရေးသားထားသည့် ထွက်ဆိုချက်များကို ကျနော့်အား ပေးအပ်ခဲ့သည် ဆိုလျှင် - မှန်ပါသည်။ ယင်းစစ်ကျောချက်များအား ဟန်နီဦးကို မလျော်သြဇာ သုံးပြီး စစ်ဆေးမှု ပြုလုပ်ခဲ့ခြင်းရှိသည်ကို သိသလားဆိုလျှင် ဒုရဲမှူး လှထွန်းက ဟန်နီဦးကို အေးအေးဆေးဆေးပဲ စစ်ဆေးခဲ့ကြောင်း၊ မလျော်သြဇာ မသုံးကြောင်း မဟန်နီဦး ကပြောပြခဲ့ပါသည်။ ဟန်နီဦးကို ကျနော် မစစ်ဆေးမီက စစ်ကျောရေးတွင် ဟန်နီဦးကို မည်သို့စစ်ဆေးခဲ့ကြောင်း ကျနော်မသိဆိုလျှင် - အဲဒါတော့ ကျနော် မသိပါ။ ၂၀၀၇-ခုနှစ် ဇွန်လတွင် ကျောင်းသားသမဂ္ဂ စတင်ဖွဲ့စည်းခဲ့ကြောင်း ကျနော်၏ ထွက်ဆိုချက်နှင့် ပတ်သက်၍ ထိုသို့ဖွဲ့စည်းသည့် စာရွက်စာတမ်း အထောက်အထားအမှုတွဲ တွင်ကျနော်တင်ပြထားခြင်းမရှိဆို လျှင် - တင်ပြထားခြင်း မရှိသေးပါ၊ ဗွီအိုအေ၊ အာအက်ဖ်အေ သတင်းဌာနများနှင့် ဆက်သွယ်ခဲ့ကြောင်း ကျနော်ထွက်ဆိုထားမှုနှင့် ပတ်သက်၍ ယင်းသို့မဆက်သွယ်ရန် ဥပဒေတရပ်အနေဖြင့် တားမြစ်ထားချက် မရှိဆို လျှင် - မသိပါ။ သို့သော်လည်း ဗွီအိုအေ၊ အာအက်ဖ်အေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား ဝေဖန် ပုတ်ခတ် လျက်ရှိသော သတင်းဌာနများ ဖြစ်ကြောင်း ကျနော်သိပါသည်။ ယနေ့ထုတ်သတင်းစာများနှင့် ရေဒီယို တီဗွီ တို့မှလည်း၊ ၎င်းသတင်းဌာနများကို ရေးသားပုတ်ခတ် ပြောဆိုလျှက်ရှိကြသည်ကို သိပါသလား ဆိုလျှင် - ကျနော်မသိပါ။ သတင်းဌာနများအနေဖြင့် သတင်းအချက်အလက်နှင့်သတင်းကိစ္စများပေါ်တွင် လုပ်ကိုင်ဆောင် ရွက်ကြကြောင်း ကျနော်သိသည်ဆိုလျှင် - မှန်ပါသည်။ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းကြောင်း၊ စာရွက်စာတမ်း အထောက်အထား ကျနော်မတင်ပြနိုင်သည့်ပြင် ကျောင်းသားသမဂ္ဂ ဖွဲ့စည်းပြီးနောက်စာကြဲရန် ဆွေးနွေးခဲ့ ကြောင်း၊ စာကြဲချခဲ့ကြောင်း ကျနော်ထွက်ဆိုထားမှုနှင့် ပတ်သက်၍ ကြဲချသည့် စာကို သက်သေ အထောက် အထား တင်ပြနိုင်သလား ဆိုလျှင် လောလောဆယ်တော့ ကျနော်မတင်ပြနိုင်ပါ။ ကျောင်းသားသမဂ္ဂ အဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည်ဟု ကျနော်၏ စွပ်စွဲချက်နှင့်ပတ်သက်၍ ရာဟုကျော်ကျော်မောင်၊ စည်သူမောင်၊ အောင်သန့်ဇင်ဦး၊ သဥ္ဇာခိုင်၊ သဲသဲ၊ မေသူ၊ထွန်းနိုင်အောင်၊ မသက်၊ ကိုချစ်ထွန်းတို့နှင့် အတူ ဟန်နီဦး(ခ) ဟန်နီ ကို (၂၅-၉-၀၇) ရက်နေ့တွင် လူစုလူဝေးဖြင့် အစိုးရကို ဆန္ဒပြခဲ့သည်ဟု ထွက်ဆိုထားမှုနှင့် ပတ်သက်၍ ထိုသို့ စွပ်စွဲ သူများ ထဲတွင် ဟန်နီဦးမှ လွဲ၍ မည်သူတို့ကို ဖော်ထုတ်တရားစွဲဆိုနိုင်ခဲ့သလဲဆိုလျှင် စည်သူမောင်ကိုသာ ဖော်ထုတ် ရရှိပြီး၊ ဟန်နီဦးမှာ အဓိက ခေါင်းဆောင်ဖြစ်ကြောင်း ကျနော်ဖော်ထုတ်ခြင်း ဖြစ်ပါသည်။ ဟန်နီဦး နှင့် ပတ်သက် ၍ ခွပ်ဒေါင်းအလံကိုင်ဆောင်ထားသည့် ဓါတ်ပုံမှတ်တမ်းကို ယခုအမှုတွဲတွင် ကျနော် တင်ပြနိုင်ခြင်းမရှိ ဆိုလျှင် တင်ပြထားခြင်း မရှိပါ။လောလောဆယ် မတင်ပြနိုင်သေးပါ။ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး ကျောင်းသား သမဂ္ဂ မှာ ငြိမ်နေခြင်း မဟုတ်ကြောင်း၊ ရသည့်နည်းဖြင့် လှုပ်ရှားသွားမည် ဖြစ်ကြောင်း ၊ ဧရာဝတီ သတင်းဌာနသို့ ပြောဆိုခဲ့ကြောင်း၊ အထောက်အထားမည်သို့ သိရှိရပါသလဲဆိုလျှင် အမှုတွဲရှိ ဒုရဲမှူးလှထွန်း၏ စစ်ကျောချက် အား စစ်ဆေးရာတွင် သိရှိရပြီး ဟန်နီဦး၏ ဝန်ခံချက်တွင် ပါရှိပြီးသား ဖြစ်ပါသည်။ ၂၀၀၇-ခုနှစ် စက်တင်ဘာလ တွင် ရဟန်းသံဃာနှင့်ပြည်သူများ စိတ်ဆန္ဒလှည့်လည်၍ မေတ္တာသုတ် ရွတ်၊ဆန္ဒဖော်ထုတ်မှု ဖြစ်ကြောင်း သိပါသလားဆိုလျှင် - ပထမ (၁/၂)ရက်မှန်ပါသည်။ နောက်ရက်များတွင် ထိုသို့ ဆန္ဒပြရာ၌ နိုင်ငံတော် အစိုးရအား အကြည်ညိုပျက်စေရန်၊ နိုင်ငံတော်အစိုးရအား ဆန့်ကျင်သည့် ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာပါသည်။ ထိုကဲ့သို့ ရဟန်းသံဃာနှင့် ပြည်သူများ ဆန္ဒဖော်ထုတ် လမ်းလျှောက်ကြခြင်းသည် လောင်စာဆီ ဈေးမြင့် တက် ခြင်းနှင့် ကုန်ဈေးနှုန်း မြင့်တက်ခြင်းကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်ကြောင်း သိပါသလား ဆိုလျှင်-မသိပါ။ ထိုသို့ဆန္ဒပြမှုတို့ထဲတွင် မဟန်နီဦး ပါဝင်ကြောင်း မည်ကဲ့သို့ သိရှိဖော် ထုတ်နိုင်ခဲ့သလဲဆိုလျှင် နယ်ထိန်းအရာရှိ ဒုရဲအုပ် စိုးမိုးအောင်၊ နယ်ထိန်းတပ်ကြပ်ကြီးမြင့်သူ၊ ဦးအောင်သန်းမြင့်၊ ဦးသက်တင် တို့ကိုယ်တိုင် မျက်မြင် ကိုယ်တွေ့ သိမြင်ခဲ့ပါသည်။ ၎င်းတို့၏ တင်ပြချက်များအရ ကျနော်သိရှိရခြင်း ဖြစ်သည်ဆိုလျှင် မှန်ပါသည်။ ဟန်နီဦးသည် (၂၅-၉-၂၀၀၇) နေ့ပတ်ဝန်းကျင်တွင် ဥပဒေ ဌာန၌ စတုတ္ထနှစ် ကျောင်းသူအဖြစ် စာမေးပွဲ ဖြေဆို နေရချိန် ဖြစ်၍ စွပ်စွဲထားသကဲ့သို့ ခွပ်ဒေါင်းအလံကိုင်၍ လမ်းလျှောက်မှုတွင် ပါဝင်နိုင်ခြင်း မရှိသည်ကို သိပါသလား ဆိုလျှင် မသိပါ။ ဆန္ဒပြမှုကို စာမေးပွဲမဖြေဘဲ ပြချင်ရင်လည်း ပြ၍ရပါသည်။ (၂၅-၉-၀၇)နေ့ (၂၆-၉-၀၇)ရက်နေ့ တို့တွင် ဟန်နီဦးသည် အတန်းတင်စာမေးပွဲကို သွားရောက် ဖြေဆိုနေရချိန် ဖြစ်ကြောင်း ကျနော်မသိ ဆိုလျှင်- ဒုရဲအုပ်စိုးမိုးအောင်တို့အဖွဲ့မှ တင်ပြချက်အရ အဆိုပါနေ့များ၌ ဆူပူဆန္ဒပြရာတွင် မဟန်နီဦးပါဝင်ခဲ့ကြောင်းသိရှိရပါသည်။ မဟန်နီဦးကိုတွေ့ရှိရကြောင်း တွေ့ရှိ ရသူများက ပြောပြသည့်အချက်ကို

ကျွန်တော်ထွက်ဆိုခြင်းသာဖြစ်သည်ဆိုလျှင် – မှန်ပါသည်။ မဟန်နီဦး အား ယခုရုံးတော်တွင် ပုဒ်မ–၁၂၄(က) အစိုးရ အပေါ်အကြည်ညိုပျက်စေမှုဖြင့် တရားစွဲဆိုထားကြောင်းကျွန်တော် သိရှိပြီး ဖြစ်သည်ဆိုလျှင် မှန်ပါသည်။ ကျောင်းသားသမဂ္ဂကို ခွင့်ပြုချက်မရပဲပြုလုပ်ခဲ့ကြောင်း ၎င်းတို့ဘက် မှကိုယ်တိုင်မြင်တွေ့ကြားသိလာခဲ့ပါသည် ဟူသောစကားရင်နှင့်ပတ်သက်၍ မည်သူတို့ ကိုယ် တိုင်မြင်တွေ့ ကြောင်း ပြောပြပါဆိုလျှင်–ဒုရဲအုပ်စိုးမိုးအောင်၏ တင်ပြချက်အရ ကျွန်တော်ထွက်ဆိုခြင်းဖြစ်ပါသည်။ တရားခံ ဟန်နီဦး(ခ)ဟန်နီ၏သတင်းပေးဝန်ခံချက် အရ ၎င်း ကျွန်တော်သိရှိရခြင်းဖြစ်ပါသည်။ တရားခံ၏ရဲထံ ဝန်ခံချက်၊ ရဲထံထွက်ဆိုချက်တို့သည် သက်သေခံမဝင်ကြောင်းဆိုသည့် ဥပဒေပါသလားဆိုလျှင် သက်သေခံ ဥပဒေပုဒ်မ–၂၇ တွင်ပြဌာန်းထားပြီးဖြစ်ပါသည်။ ယင်းသက်သေခံဥပဒေပုဒမ–၂၇ အရ ညှင်းပန်းနှိပ်စက်ခြင်း မလျော်သြဇာ သုံး၍ရယူခဲ့သောဝန်ခံချက်၊ ထွက်ဆိုချက်များကို သက်သေခံအဖြစ်အသုံးပြုခွင့်မရသည်ကို သိပါသလားဆိုလျှင် ကျွန်တော်မသိပါ။ ကျွန်တော်၏ အဓိကထွက်ဆိုချက်သည် ကျွန်တော်၏လက်ဝယ်တွင် ထွက်ဆိုချက်နှင့် ပတ်သက်သောအကြောင်းအရာများကို ရေးသားလာခဲ့ပြီး ထွက်ဆိုအစစ်ခံချက်ပေးနေသည် ဆိုလျှင် ကျွန်တော်အမှုနှင့်ပတ်သက်၍ ဒိုင်ယာရီဖြစ်ပါသည်။ ရဲ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီသည့် အမှုနှင့် ပတ်သက် သည့်အကြောင်းအရာကို အကျဉ်းချုပ်ရေးသားထားသည့် မှတ်တမ်းကိုဆို လိုပြီးအမှုအတွက် သီးသန့် ရေးသားလာသည့် စာရွက်စာတမ်း စာအုပ်ကိုမဆိုလိုကြောင်း သိပါသလားဆိုလျှင်မသိပါ။ မဟန်နီဦးကိုအမှုနှင့် ပတ်သက်၍စစ်ကျောရေးပြုလုပ်ခဲ့ပါသလားဆိုလျှင် ကျွန်တော်ကိုယ်တိုင်ပြုလုပ်ခဲ့ပါသည်။ မည်သည့် နေရာတွင် စစ်ကျောရေးပြုလုပ်ခဲ့သလဲဆိုလျှင် အင်းစိန်အကျဉ်းထောင်တွင် ကျွန်တော်စစ်ကျောရေး ပြုလုပ် ခဲ့ခြင်းဖြစ်ပါသည်။ မဟန်နီဦးထံမှ အမှုနှင့်ပတ်သက်၍ သက်သေခံပစ္စည်း တစုံတရာ သိမ်းဆည်းရရှိခဲ့ခြင်းမ ရှိဟုဆိုလျှင် – မှန်ပါသည်။ ယခုအမှုမစွဲဆိုမီကတည်းက မဟန်နီဦးကိုကြိုတင်ဖမ်းဆီးထားခဲ့သည်ဆိုလျှင် – သက် ဆိုင်ရာမှ စစ်ကျောရေးပြုလုပ်နေသည်ကိုတော့သိပါသည်။ ယခုအမှုတွဲတွင် ဟန်နီဦးကို ဖမ်းဆီးသည့်နေ့ ရက်များ ကွဲလွဲလျှက်ရှိကြောင်းသိပါသလားဆိုလျှင် ဖမ်းဆီးသည့်ရက်မကွဲလွဲပါ။ ( ၉၊ ၁၀၊ ०၇ ) နေ့တွင် ဟန်နီဦး ကို စတင်ဖမ်းဆီးခဲ့သည်ဆိုလျှင် သက်ဆိုင်ရာမှဖမ်းဆီးခဲ့ကြောင်းကိုသာ ကျတော်ထွက်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့ဆိုလျှင် အမှုတွဲတွင် ( ၁၇၊ ၁၂၊ ०၇ ) ရက်နေ့တရားခံကို ဖမ်းမိသည့်နေ့စွဲအဖြစ် ဖော်ပြထားခြင်းမှာ မမှန် ဆိုလျှင် – ဒါဟာကျတော့်အမှုနှင့် ပတ်သက်၍ဖမ်းဆီးသည့်နေ့သာဖြစ်ပါသည်။ အဖွဲ့ပုဒ်–၆ ဖြင့်တရားစွဲဆို ရန်အတွက် ဖမ်းဆီးပြီးနောက်မှ ခွင့်ပြုမိန့်တောင်းခံခဲ့တာလားဆိုလျှင် ဖမ်းဆီးပြီး မှတောင်းခံခြင်း မှန်ပါသည်။ ဒုရဲမှူးလှထွန်း၏ ရှာဖွေပုံစံဖြင့် ပေးအပ်သည့် မဟန်နီဦး(ခ) ဟန်နီအပေါ် စစ်ကျောရေး ပြုလုပ်ထားချက်များကို ရေးသားမှတ်သားထားသည့် သက်သေခံ( ခ – ၁ ) လျှို့ဝှက်ကိုယ်ရေးအကျဉ်းနှင့် လျှို့ဝှက်အစစ်ချက်များကို ကျတော်အားပေးအပ်၍ ယင်းတရားခံ၏ အစစ်ခံချက်များကို ကျတော်က ရုံးရှေ့တွင်လာ ရောက် ထွက်ဆို ချက်ပေးခြင်းဖြစ်သည်ဆိုလျှင် ဒုရဲအုပ်စိုးမိုးအောင်တို့၏ မျက်မြင်ကိုယ်တွေ့ကြားသိချက် များ တင်ပြချက်အရ ကျတော်မှထွက်ဆိုခြင်းဖြစ်ပါသည်။ ယင်းအကြောင်းအရာကိစ္စများကို ကျတော်ကိုယ်တိုင် တွေ့မြင် သိရှိခြင်း မဟုတ်ဆိုလျှင် ကျတော်ကိုယ်တိုင်သိရှိခြင်းတော့ မဟုတ်ပါ။ သက်သေခံ (ခ) နှင့် ( ခ – ၁ ) ပါဝင်စစ်ခံရသူ မဟန်နီဦး အား ရိုက်နှက်စစ်ပြီး နောက်မှထွက်ဆိုချက်ရေးသားယူသည့် အကြောင်းရာများဖြစ်သည်ဟု တရားခံ မှထွက်ဆိုရသည်ဆိုလျှင် ကျတော်ယခင်ထွက်ဆိုချက်အတိုင်း ထွက်ဆိုထားပြီးဖြစ်ပါသည်။

ပြန်ရှင်း – – –  မရှိပါ။

ဖတ်ပြမှန်ဝန်ခံသည်။<br>
ဒေါ်အေးသိန်း–တ/ ၁၇၂၄<br>
ဒုတိယခရိုင်တရားသူကြီး(၁)<br>
အရှေ့ပိုင်းခရိုင်တရားရုံး<br>
ရန်ကုန်မြို့<br>
၂၄၊ ၃၊ ०၇

## ပစ္စည်းရှာစာရင်း၊ ရှာဖွေရာတွင် သိမ်းဆီးရမိသော ပစ္စည်းစာရင်း
## (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ –၁၀၃)

| နေ့ရက် | ရဲစခန်း | ပထမ သတင်းပေးချက်အမှတ် | ရှာဖွေသော နေရာ ၊ နေရပ်လိပ်စာ | တွေ့သောသူ အမည် | ရှာဖွေသော သက်သေများ၏ အမည် အလုပ်အကိုင် နေရပ် လိပ်စာ | ရှာသောသက်သေများ ၏ လက်မှတ်များ | ရှာသောအရာ ရှိ၏ လက်မှတ်နှင့်အဆင့် | ရဲစခန်းစာရင်း စာအုပ်မှတ်(၉) ၁ ရေးသွင်းချက်များ |
|---|---|---|---|---|---|---|---|---|
| ၁၀၊၁၂၊၀၇ | တာမွေ ရဲစခန်း | (ပ) ၁၂၃၈/၀၇<br>ပြစ်မှုပုဒ်မ ၁၄၅/၅၀၅ (ခ) | ဒုရဲမှူးလှထွန်း သတင်းတပ်ဖွဲ့ လ ၅၉၁၂၄ | | ၁၊ ဦးအောင်သန်းမြင့် (၄၉)နှစ် (ဘ) ဦးကြည်၊ ၁၂/တမန (နိုင်) ၀၈၀၈၇၄ ၊ မ/၅၇၊ မြို့သစ် (၁) လမ်း၊ ကျောက်/ရှေ့ ရပ်ကွက်၊ တာမွေမြို့နယ်၊<br>၂၊ ဦးသက်တင် (၄၈) နှစ် (ဘ) ဦးစံသိန်း ၁၂/သကတ (နိုင်) ၁၄၈၇၆၆ (ရာအိမ်မှူး) မ/၃၈၊ သီတာလမ်း ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် | XXX<br><br>XXX | XXX<br><br>လ ၁၅၅၉၅၃ ရဲအုပ်လှသိန်း တာမွေရဲစခန်း | |

## ဖမ်းဆီးရမိသော ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်စာရင်း

| စဉ် | အမျိုးအမည်နှင့် အရေအတွက် | တွေ့ရှိသော နေရာမှန် အကြောင်းမျိုးစုံ | ပထမ တွေ့သောသူ | အချက်တိုင်းတွင် သက်သေများ၏ လက်မှတ် |
|---|---|---|---|---|
| ၁ | မဟန်နီဦး (ခ)ဟန်နီ (၂၁) နှစ် (ဘ) ဦးထွန်းဦး ၊ အမှ –၁၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်နေသူ (စစ်ဆေးခံရသူ) ၏ လက်မှတ်ပါရှိပြီး၊ စစ်ဆေးသူ ဒုရဲမှူးလှထွန်း လက်မှတ်ပါရှိသော စစ်ကြောချက်တစ်စောင် ။ | ဘေးတဖက်ပါ သက်သေစာရွက်စာတမ်း (စစ်ကြောချက်) မှာ သတင်းတပ်ဖွဲ့ ဒုရဲမှူးလှထွန်းမှ တာမွေမြို့နယ်၊ နတ်မောက် ရပ်ကွက်နေ မဟန်နီဦး (ခ) ဟန်နီ အပေါ်စစ်ကြောရာတွင် မဟန်နီဦး ကိုယ်တိုင်ထွက်ဆိုသော စစ်ကြောချက်များဖြစ်ကြောင်း သက်သေများရှေ့ အပ်ပေးသဖြင့် သိမ်းဆည်းပါသည်။ | သက်သေများရှေ့ သိမ်းဆည်းပါသည်။ | ၁ ။ XXX<br><br>၂။ XXX |

# သက်သေထွက်ချက်

## အရှေ့ပိုင်းခရိုင် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် တရားရုံး

၂၀၀၈ ခုနှစ်၊ ပြစ်မှုကြီး မှုအမှတ် ၃၁။

၂၀၀၈ ခုနှစ်၊ မတ် လ ၁၉ ရက်။

တရားလို
________သက်သေအမှတ် လိုပြ–၁ ၏ထွက်ချက်။
တရားခံ

သက်သေအား ကျမ်းကျိန်ဆို ကတိသစ္စာပြုစေပြီး ထွက်ဆိုချက်မှာ–

အမည် – ဒုရဲအုပ် စိုးမိုးအောင်
အသက် – ---------------
အမျိုးသားမှတ်ပုံတင်အမှတ်– -------------
လူမျိုး – ----------------
ကိုးကွယ်သည့်ဘာသာ – ----------------
နေရပ် – တာမွေရဲစခန်း
အလုပ်အကိုင် – ----------------
မိဘအမည် – ----------------

**အဓိကစစ်မေးခြင်း** –ကျနော်သည် တာမွေရဲစခန်းတွင် နယ်ထိန်းခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။ ကျနော်သည်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့် မိမိအထက် အရာရှိကြီးများ၏ လမ်းညွှန်မှုများဖြင့် နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်သည့်အဖွဲ့အစည်းအသင်းအဖွဲ့များ နိုင်ငံတော်အစိုးရအပေါ်တွင် အမုန်းထားအောင်၊ မလေးစားအောင်၊ မေတ္တာပျက်အောင်၊ ပြုလုပ် အားထုတ်လှုံ့ဆော်သူ၊ ဆူပူဆန္ဒပြသူများအား မျက်မပြတ်စောင့်ကြည့်ခဲ့ရာ၊ တာမွေးမြို့နယ် နတ်မောက်ရပ်ကွက်၊ နတ်မောက်လမ်း၊ အိမ်အမှတ်–၁၆ နေ၊ (ဘ)ဦးထွန်းဦး၏ သမီးဖြစ်သူ မဟန်နီဦး (ခ) ဟန်နီမှာ စောင့်ကြည့်ပစ်မှတ်ဟု သတ်မှတ်ထားခြင်း ခံရသူဖြစ်၍ နတ်မောက်ရပ်ကွက်အပိုင် နယ်ထိန်း တပ်ကြပ်ကြီး–မြင့်သူ တို့နှင့် စောင့်ကြည့်ခဲ့ရာ၊ ဟန်နီဦးသည် အမေရိကန်စင်တာတွင် စာကြည့်တိုက်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ အင်္ဂလိပ်စာသင်တန်းတက်ရောက်ခဲ့ကြောင်း၊ အန်အယ်ဒီ–အခမ်းအနား ၊ ဂျင်မီ (၈၈) မျိုးဆက်၏ ကလေးမွေးနေ့၊ ကိုပြုံချို (၈၈)မျိုးဆက်၏ မင်္ဂလာဆွေ့ခံပွဲစသော နိုင်ငံတော် ဆန့်ကျင်ရေးအဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ဟန်နီဦးသည် နိုင်ငံတော်အစိုးရအပေါ် လူအများမုန်းထားအောင်သော်လည်းကောင်း၊



မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာပျက်အောင် သော်လည်းကောင်၊ အားထုတ်ခြင်း ပြုလုပ်ခြင်း၊ လှုပ်ဆော်ခြင်း ထိုအပြင် မီဒီယာအသံလွှတ်ဌာနများဖြစ်သည့်၊ ရောဝတီ သတင်းဌာန၊ အာရ်အက်အေ၊ ဗွီအိုအေ သတင်းဌာနတို့နှင့် ဆက်သွယ်၍ ချိတ်ဆက်မိအောင် နိုင်ငံတော်အစိုးရမကောင်းကြောင်းပြောခြင်းများ၊ မဟုတ်မမှန်ပြောဆို

ခြင်း ကြောင့်လည်းကောင်း၊ ၎င်းအပြင် ဟန်နီဦးသည် ၂၅-၉-၂၀၀၇ ရက်နေ့တွင် ယုဇနပလာဇာမှ ဆူပူဆန္ဒပြအဖွဲ့နှင့် ပူးပေါင်းပြီး ၎င်းကိုယ်တိုင် ခွတ်ဒေါင်း အလံကိုင်ပြီး စစ်အစိုးရပြုတ်ကျရေး စစ်အစိုးရဆန့်ကျင်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး တို့ကို ကိုယ်တိုင်ကြွေးကြော်ဆန္ဒပြခဲ့သည်ကို ကျနော်နှင့် တပ်ကြပ်ကြီးအပြင်၊ သက်သေ ဦးအောင်သန်းမြင့်၊ ဦးသက်တင်တို့မှ ကြားခဲ့ပါသည်။

**တရားခံရှေ့နေ ပြန်လှန်မေး**

ယခုစွဲဆိုသော ပုဒ်မ ၁၂၄ (က) သည် ထောင်ဒဏ်တစ်သက်ကျွန်း ပြစ်ဒဏ်ပေးနိုင်သောပုဒ်မ ဖြစ်သည်ကို သိပါသလားဆိုက – ဥပဒေတွင်ပြဌာန်းထားခြင်းဖြစ်ပါသည်၊ ယင်းကဲ့သို့ ကြီးလေးသော ပြစ်ဒဏ်ချမှတ်နိုင်သော အမှုမျိုး တွင် နိုင်ငံတော်အစိုးရကို ဆန့်သော စကားအသုံးအနှုန်း ဟန်နီဦး ပြောဆိုကြောင်း ကျနော်အထောက်အထား အနေဖြင့် မတင်ပြနိုင်ဟုဆိုလျှင်–နုတ်ဖြင့်ထွက်ဆိုခြင်း ဖြစ်ပါသည်၊ စာရွက် စာတမ်းမရှိပါ၊ နုတ်ဖြင့် ထွက်ဆိုခြင်း ဖြစ် ဆိုရာတွင် ထွက်ဆိုနိုင်သည် သလား ဆိုက–ကျနော် အဓိကထွက်ဆိုချက်တွင် စစ်အစိုးရ ပြုတ်ကျရေး စစ်အစိုးရဆန့် ကျင်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးတို့ကို ကိုယ်တိုင်ကြွေးကြော်ကြောင်း ပြောဆိုထား၍ ၎င်းကဲ့သို့ပြောဆိုမှုနှင့် ပတ်သက်၍ ဓါတ်ပုံမှတ်တမ်းအနေနဲ့တော့ ကျနော်တင်ပြခြင်းမရှိပါ။ အမေရိကန် စာကြည့်တိုက် အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း အင်္ဂလိပ်စာ သင်တန်းတက်ရောခဲ့သူတစ်ဦးဖြစ်ကြောင်း ဟန်နီဦးနှင့်ပတ်သက်၍ ထွက်ဆိုထား အမေရိကန်စင်တာ တွင် မည်သူမဆိုစာကြည့်တိုက်အဖွဲ့ဝင်တစ်ဦး အနေဖြင့်ပါဝင်ခဲ့ပြီး စိတ်ပါဝင်စားပါက ကျနော်ကိုယ်တိုင်ပင်လျှင် စာ ကြည့်တိုက်အဖွဲ့ဝင်အဖြစ်ဝင်ခွင့်ရ မရကို ကျနော်မသိ၊ ဟန်နီဦး အဖွဲ့ဝင် ဖြစ်ကြောင်း ကိုသာ ကျနော်သက်သေလာ ရောက်ထွက်ဆိုခြင်းဖြစ်သည်။

အမေရိကန်စင်တာတွင် ဟန်နီဦးသည် စာကြည့်တိုက်အဖွဲ့ဝင်တစ်ဦးအဖြစ် အင်္ဂလိပ်စာသင်တန်း တက်ရောက်ခဲ့ရုံမှုဖြင့် ယင်းအချက်များသည် ပြစ်မှုကျူးလွန်သူဆိုလျှင်–ဟန်နီဦးနှင့် ပတ်သက်၍ ဟန်နီဦး ပတ်သက်ဆက်စပ်သောကိစ္စအားလုံး စုံစမ်းရရှိမှုကိုထွက်ဆိုခြင်း ဖြစ်ပါသည်။ ကျနော်စုံစမ်း သိရှိရသည့်အကြောင်း အရာသည် ယခုအမှုနှင့် ပတ်သက်ခြင်း မရှိကြောင်းကိုသိပါသလားဆိုက–ပတ်သက်ခြင်း ဆုံးဖြတ်ရန်တာဝန်မရှိပါ။

၃၁/၂၀၀၈
လိုပြသက်သေ ဒုရဲအုပ် စိုးမိုးအောင်အား ဆက်လက်စစ်ဆေးချက် အဆက်–၃
(၁၉–၃–၂၀၀၈)

(၈၈) မျိုးဆက်ကျောင်းသားများနှင့် ပတ်သက်၍ မတရားအသင်း အဖြစ်ယနေ့အထိကြေငြာထားခြင်းမရှိသည်ကိုသိပါသလား ဆိုလျှင်–မတရားအသင်းဖြစ် ကြေငြာထားခြင်းမရှိသော်လည်း (၈၈) အဖွဲ့၏ နိုင်ငံတော်အစိုးရအပေါ်ဆန့်ကျင်သည့် ဆောင်ရွက်ချက်များ ရှိခဲ့သဖြင့် တာဝန်ရှိအဖွဲ့အစည်း အဆင့်ခေါ်ယူထိမ်းသိမ်းမေမြန်းမှုများ ရှိပါသည်။ ခေါ်ယူစစ်ဆေးမေးမြန်းသည် ပြစ်မှုကျူးလွန်သူအဖြစ်သတ်မှတ်၍မရသေးကြောင်းကို သိပါသလားဆိုလျှင်–ဖမ်းဆီးထိန်းသိမ်းထားသူ (၈၈) မျိုးဆက်သစ်များနှင့် ပတ်သက်၍ မည်သူအပြစ် ပေးဖြစ်သည် ၊ မည်သူစစ်ဆေးခဲ့ခြင်း ဖြစ်သည်ကို ကျနော်မသိပါ၊ ဖမ်းဆီးခေါ်ယူစစ်ဆေးများ ပြုလုပ်ခဲ့သူများတွင် တစ်ချို့ကိုအမှုမဆွဲဘဲ ပြန်လွှတ်ပေးလိုက်ရသည့်သူများ ရှိခဲ့သည်ဆိုလျှင်–ခေါ်ယူစစ်ဆေးပြီးနောက်တရားစွဲဆိုတင်ပို့ခြင်း မရှိဘဲ ပြန်လည်စေလွှတ်ခဲ့သူများလည်းရှိပါသည်။

(၈၈) မျိုးဆက်သစ်မှ ဂျင်မီ ကလေးမွေးနှင့်ကိုပြုံးချို မင်္ဂလာဍည့်ခံ ဖိတ်ကြားသည်လူမှုရေး အခန်းအနားများကို ဥပဒေအရတားမြစ်ပိတ်ပင်ထားခြင်းရှိ၍ ဟန်နီဦးအပါအဝင်မည်သူမဆို သွားလာခွင့်ရှိသည်ကိုသိပါသလား ဆိုလျှင်–ဥပဒေအရလူမှုရေးအခန်းအနားများကို မသွားမလာရဟု ပိတ်ပင်တားမြစ်ခဲ့မရှိပါ။ သို့သော်၎င်းအခန်းအနားများကို အသုံးချပြီး အခြားမလိုလားအပ်သော ပြစ်မှုဆောင်ရွက်ချက်များ ပြုမှုဆောင်ရွက်ကြသဖြင့်ထည့်သွင်း ထွက်ဆိုထားခြင်းဖြစ်ပါသည်။ အဆိုပါလူမှုရေးအခမ်းအနားများသည် လူမှုရေးကိစ္စသက်သက်သာ ဆောင်ရွက်ပြီး နိုင်ငံရေးအရဆောင်ရွက်သည့်ကိစ္စမဟုတ်သဖြင့် ဟန်နီဦးသွားရောက်ခဲ့သည်ကို ပြစ်မှုမြောက်ပါသလား ဆိုက လတ်သလော အခြေအနေအရပြစ်မှုမြောက်ခြင်းထက် အထက်ပါ (၈၈) မျိုးဆက်သစ်အခန်းနားများကို သွားရောက်ခြင်းအပေါ် အခြားမလိုလားအပသည့်ပြုမှုလုပ်ဆောင်ချက် လုပ်ဆောင်ခြင်းများဖြစ်၍ ဖြစ်ပါသည်၊ အခြားမလိုလားအပ်သော

ကိစ္စများ ပြုမူဆောင်ရွက်ခဲ့သည် ဆိုသော အထောက်အထားနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာ အနေဖြင့် ယခုအမှု နိုင်ပါသလားဆိုက–လတ်သလောတင်ပြနိုင်ခြင်း မရှိသော်လည်း နိုင်ငံရေးနှင့် ပတ်သက်၍ သီးခြားတာဝန်ယူဆောင် ရွက်နေသော အဖွဲ့အစည်းများတွင် ဓါတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်း၊ စာရွက် စာတမ်းမှတ်တမ်း အထောက်အထားများရှိပါသည်။

အမှုပြီးဆုံးတော့မည့်အချိန်အထိ ယင်းကဲ့သို့သော စာရွက်စာတမ်း၊ ဗွီဒီယိုမှတ်တမ်းများ တင်ပြနိုင်ခြင်း မရှိ ဟုဆိုလျှင်–တင်ပြနိုင်ပါသည်။ အာအက်အေ၊ ဗွီအိုအေ သတင်းဌာနများ ပြင်ပမီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက် ခွင့်မရှိကြောင်း ဥပဒေတစ်ရပ်အနေဖြင့် တားမြစ်ထားခြင်းမရှိဟုဆိုလျှင်

/၂၀၀၈
သက်သေဒုရဲအုပ် စိုးမိုးအောင်ထွက်ချက်အဆက်–၄
(၁၉–၃–၂၀၀၈)

တားမြစ်ထားခြင်းမရှိသည်မှာ မှန်ပါသည်၊ သို့သော် ၎င်းသတင်းဌာနများသည် လက်ရှိကျနော်တို့အစိုးရ အပေါ် မကောင်းမြင်ဝါဒဖြင့် အမြဲဝေဖန်ထုတ်လွှတ်လျှက်ရှိ၊ ၎င်း သတင်းဌာနများနှင့် ဆက်သွယ်သူမှာလည်း နိုင်ငံ တော် အပေါ် ဆန့်ကျင်သူဖြစ်သည်။ ၎င်းသတင်းဌာနများက နိုင်ငံတော်အစိုးရအပေါ် မကောင်းမြင်ပြောဆိုမှုများ ရှိ သည်ဟုကျနော်ထွက်ဆိုသကဲ့သို့ ၎င်းသတင်းဌာနများကိုလည်း မြန်မာနိုင်ငံအတွင်း သတင်းစာများနှင့် ဗွီဒီယို ရုပ်မြင် သံကြားတို့မှ မကောင်းမြင်သည့်အမြင်ဖြင့် ပြန်လည်ရေးသား ပြောဆိုလျှက်ရှိနေသည်ကို ကျနော်သိပါသလားဆိုလျှင်။ မမှန်သည့်စွပ်စွဲချက်များဖြစ်၍ အများပြည်သူအခြေအနေမှန်သိရန် ရှင်းလင်းခြင်းသာဖြစ်သည်။

သတင်းဌာနသည့် သတင်းအလုပ်ကို လုပ်ရာ၌ တာဝန်ရှိမည်ဆိုပါက ၎င်းသတင်းဌာနသာ တာဝန်ရှိပြီး ၎င်း သတင်းဌာနနှင့် ဆက်သွယ်ပြောဆိုသူအပေါ်၌ တာဝန်မရှိကြောင်းသိပါသလား ဆိုလျှင်–သတင်းအမှားအမှန်ကိစ္စနှင့် ပြောဆိုခြင်းဖြစ်ပါသည်၊ ၎င်းသတင်းဌာနများသည် နိုင်ငံတော်အစိုးရအပေါ် မမှန်မကန်စွပ်စွဲမှုများ ပြောဆိုခဲ့သည်ဆို ပါက ၎င်းတို့ပြောဆိုမှုသည် ဟန်နီဦးနှင့် သက်ဆိုင်ခြင်း မရှိဟုဆိုလျှင်–ဟန်နီဦး အနေဖြင့် ၎င်းသတင်းဌာနများနှင့် ဆက်သွယ်သည်ဟုသာ ပြောဆိုခဲ့ခြင်းဖြစ်ပါသည်၊ ၂၅–၉–၂၀၀၇ ရက်နေ့ ယုဇနပလာဇာမှာ ဆူပူဆန္ဒပြသည့် အဖွဲ့များနှင့် ပူးပေါင်း၍ ၎င်းကိုယ်တိုင်ခွတ်ဒေါင်းအလံကို ကိုင်ပြီး ကြွေးကြော်သံများ ပြုလုပ်ခဲ့ကြောင်း ကျနော်ထွက် ဆိုထားမှုနှင့် ပတ်သက်၍ ဟန်နီဦးသည် တက္ကသိုလ်ဥပဒေပညာဌာနမှ စတုတ္ထနှစ် စာမေးပွဲကို ဖြေဆိုနေရသည့် (၂၅–၉–၂၀၀၇ နေ့နှင့် ၂၆–၉–၂၀၀၇) တို့တွင် စာမေးပွဲကိုဖြေဆိုနေရသည့် နေ့ရက်ဖြစ်သောကြောင့် ကျနော်စွပ်စွဲ ချက်များ မမှန်ဟုဆိုလျှင်–အခြားဆန္ဒပြသူများတွင် ကျနော်တို့ကိုယ်တိုင်မြင်၍ သိရှိခဲ့ခြင်းဖြစ်ပါသည်။ စာမေးပွဲ ဖြေနေရချိန် ကျောင်းသင်ခန်းစာနှင့် လုံးပန်းနေရသူ ကျောင်းသူတစ်ဦးသည် ယင်းသို့သောနေ့ရက်များ၌ ပြင်ပ သို့ထွက် ၍ ဆန္ဒထွက်ပြနိုင်ခြင်း မရှိသည်ကိုသိပါသလားဆိုက–ကျောင်းစည်းကမ်းကိုလိုက်နာသူ တစ်ဦးအနေနှင့် မှန်ပါသည်။ ကျောင်းစည်းကမ်းဆိုရာတွင် သာမန်ကျောင်းစည်းကမ်း နေ့ရက်မျိုးမဟုတ်ပဲ အတန်းတင် စာမေး ပွဲဖြေဆိုချက်ဖြစ်နေ၍ ယင်းကဲ့သို့ နေ့ရက်များတွင် ပြင်ပသို့ထွက်သွား လှုပ်ရှားနိုင်ခြင်း မပေါ်ပေါက်ဟုဆိုလျှင်– ကာယကံရှင် စိတ်ဆန္ဒနှင့် သာသက်ဆိုင်ပါသည်။

ပြစ်ကြီး ၃၁/၂၀၀၈
**လိုပြသက်သေ ဒုရဲအုပ် စိုးမိုးအောင်ထွက်ဆိုချက် အဆက်–၅**
(၁၉–၃–၂၀၀၈)

တက္ကသိုလ်ဥပဒေပညာဌာနမှ ဟန်နီဦးနှင့် ပတ်သက်သည့် ၂၉–၉–၂၀၀၇ ရက်နေ့နှင့် ၂၆–၉–၂၀၀၇ ရက် နေ့တို့တွင် စတုတ္ထနှစ်စာမေးပွဲ ဖြေဆိုနေရချိန် ဖြေဆိုနေရသည့်နေ့ရက်များဖြစ်ကြောင်း ဟန်နီဦးဘက်မှ အထောက် အထား တင်ပြလာခဲ့လျှင် ကျနော်နှင့်အတူ ဦးအောင်သန်းမြင့်နှင့် ဦးသက်တင်တို့အပြင် ယင်းသို့ဆန္ဒပြပွဲတွင် ကြွေး ကြော် ပါဝင်ခဲ့ကြောင်း ကိုယ်တိုင်ကြားသိခဲ့ရသူများဖြစ်ကြောင်း ထွက်ဆိုထားမှုသည် ဟန်နီဦးအား နစ်နာစေရန် မမှန်မကန်ထွက်ဆိုမှု ကျရောက်လိမ့်မည်ကိုသိပါသလားဆိုလျှင်–ဟန်နီဦးသည် ကျနော်တို့၏ ရန်သူမဟုတ်၍

အကြောင်းမဲ့ ထိခိုက်နစ်နာအောင်ထွက်ဆိုမည်မဟုတ်ပါ။ မြင်တွေ့ သိရှိမှုအပေါ် အမှန်အတိုင်းထွက်ဆိုခြင်းဖြစ်ပါသည်။

ကုန်ဈေးနှုန်းကျဆင်းရေးဆိုသော ကိစ္စသည် ဒေသအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်က ဆောင်ရွက်နိုင်သည့်ကိစ္စဖြစ်၍ ကုန်ဈေးနှုန်းတက်နေခြင်းကို အမှန်ကိုအမှန်တိုင်းထုတ်ဖေါ်ခြင်းဖြစ်သည့်အတွက် ယခုဥပဒေအရပြစ်မှုမမြောက်သည်ကိုသိပါသလား ဆိုလျှင်–အမှန်ကိုအမှန်တိုင်ပြောဆိုခြင်းသည် ပြစ်မှုမမြောက်သော်လည်း အများပြည်သူဆိုင်ရာလမ်းမပေါ်တွင် ပြောဆိုမည်ဆိုပါက တာဝန်ရှိသူများထံမှ ခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ရမည် ဖြစ်ပါသည်၊ ဆန္ဒပြမှုဆိုသည်မှာ တစ်ဦးတစ်ယောက်၏ လှုပ်ဆော်ခြင်း မဟုတ်ဘဲ မိမိကိုယ်ပိုင်ဆန္ဒအရ ပူးပေါင်းဝင်ရောက်လမ်းလျှောက်သည့်ကိစ္စ၌ ထောင်သောင်း မချည်သော လူအုပ်ကြီးထဲတွင် ဟန်နီဦး တစ်ဦးတည်းကိုသာ ပြစ်မှုထားပြီး တရားစွဲဆိုလျက်ရှိခြင်း ဖြစ်သည်ဟုဆိုလျှင်–မဟုတ်ပါ ခွင့်ပြုချက်မရှိဘဲ လမ်းလျှောက်ဆန္ဒဖေါ်ထုတ်မှုသည် ပြစ်မှုကျူးလွန်သည်ဟုဆိုပါက လမ်း ပိတ်ဆို့မှုဖြင့် အရေးယူနိုင်မည်ဖြစ်ပြီး အစိုးရအားအကြည်အညိုပျက်စေခဲ့သည့်စကားကို သုံးနှုန်းခြင်း မရှိပါက ယခုစွဲဆိုသည့် ပုဒ်မအရ အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသည်ကိုသိပါသလားဆိုလျှင်–အစပိုင်းအချိန်များတွင် သံဃာတော်များနှင့် ပြည်သူများ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် လမ်းလျှောက်ရွတ်ဆိုမှုများပြုခဲ့စဉ် အစိုးရအနေနှင့် တစ်စုံတစ်ဦးကိုမှ အရေးယူဆောင်ရွက်ခဲ့ခြင်းမရှိပါ။ နောက်ပိုင်းတွင် အစိုးရအား အကြည်အညိုပျက်အောင်ပြောဆိုမှု ပြစ်မှုလုပ်ဆောင်မှုစသည့် ဘေးပရောကများ ပါဝင်လာ၍ သက်ဆိုင်သူကိုသာအရေးယူခြင်းဖြစ်ပါသည်။

၂၀၀၈

**လိုပြသက်သေ ဒုရဲအုပ် စိုးမိုးအောင် အားဆက်လက်စစ်ဆေးချက် အဆက်–၆**

(၁၉–၃–၂၀၀၈)

စစ်အစိုးရပြုတ်ကျရေး၊ စစ်အစိုးရဆန့်ကျင်ရေး ဆိုသောစကား ရမ်များကို ဟန်နီဦး နှုတ်မှပြောဆိုခဲ့ခြင်း မရှိဟုဆိုလျှင်–ပြောဆိုခဲ့ပါသည်။။။ မည်သည့်နေရာ–မည်သည့်အချိန်က ပြောဆိုခဲ့ကြောင်း တင်ပြပါဟုဆိုလျှင်–ယုဇနပလာဇာရှေ့နှင့် မင်္ဂလာဈေးရှေ့တို့တွင် ပြောဆိုခဲ့ပါသည်၊ စာမေးပွဲဖြေဆိုနေရချိန်ဖြစ်၍ စာမေးပွဲကာလအတွင်း အဆိုပါနေရာများသို့သွားပြီး ကျနော်ပြောဆိုခဲ့သလို ပြောဆိုရန်အကြောင်းမပေါ်သည်ကို သိပါသလားဆိုက ပေါ်ပေါက်မှုရှိခြင်း မရှိခြင်းထက် ကာယကံရှင်၏ စိတ်ဆန္ဒသာအဓိကကျပါသည်။ ပုဒ်မ ၁၂၄ မြန်မာနိုင်ငံဥပဒေအတွဲ (၈) တွင်လည်းကောင်း၊ ပုဒ်မ–၁၂၄ (က) နှင့် ပတ်သက်၍ အနက်အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ဥပဒေပြဋ္ဌာန်းချက်ကို ကျနော်အတိအကျနားလည်းသိရှိခြင်း မဟုတ်ဟုဆိုလျှင်–အတိအကျမသိပါ။

ပြန်ရှင်း မေးမရှိပါ

ဖတ်ပြမှန်ဝန်ခံသည်။

၁၉၊ ၃၊ ၀၈
ဒေါ်အေးသိန်း (တ/၁၇၂၄)
ဒုတိယခရိုင်တရားသူကြီး (၁)
အရှေ့ပိုင်းခရိုင်တရားရုံး
ရန်ကုန်မြို့။

(စိန်လှ)
ခရိုင်တရားသူကြီး

## သက်သေထွက်ချက်
## ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် တရားရုံး

၂၀၀၈ ခုနှစ်၊ ပြစ်ကြီးမှုအမှတ် ၃၁။
၂၀၀၈ ခုနှစ်၊ မတ်လ ၂၄ ရက်။

တရားလို
——— သက်သေအမှတ် လိုပြ (၂)၏ထွက်ချက်။
တရားခံ

သက်သေအား ကျမ်းကျိန်ဆို ကတိသစ္စာပြုစေပြီး ထွက်ဆိုသည့်မှာ–

| | |
|---|---|
| အမည် – | ရဲအုပ် လှသိန်း |
| အသက်– | (၃၅)နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် – | လ /၁၅၅၉၅၃ |
| လူမျိုး – | မြန်မာ |
| ကိုးကွယ်သည့်ဘာသာ – | ဗုဒ္ဓ |
| နေရပ် – | ညောင်နှစ်ပင် (က) ရဲစခန်း |
| အလုပ်အကိုင် – | ရဲအုပ် (စခန်းမှူး) |
| မိဘအမည် – | ဦးထွန်းလှ ၊ ဒေါ်အေးမြ |

**အဓိကထွက်ဆို အစစ်ခံချက်။** ။ ကျနော်သည် တာမွေရဲစခန်းတွင် စခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် (၁၀–၁၂–၂၀၀၇) ရက်နေ့တွင် မှုခင်းတပ်ဖွဲ့မှ ဒုရဲမှူး လှထွန်းသည် ကျနော်၏ ရဲစခန်းပိုင် တာမွေမြို့နယ်၊ နတ်မောက် ရပ်ကွက်၊ နတ်မောက်လမ်း အမှတ်–၁၆ နေ အဘ ဦးထွန်းဦး၏ သမီးဖြစ်သူ မဟန်နီဦး (ခ) ဟန်နီ အပေါ် စစ်ကျောချက်အား စီစစ်ရာတွင် မဟန်နီဦးသည် အမေရိကန်စင်တာတွင် စာကြည့်တိုက်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အင်္ဂလိပ်စာသင်တန်း တက်ရောက်ခဲ့ကြောင်း အန်အယ်လ်ဒီ အခမ်းအနားများ (၈၈) မျိုးဆက်ကျောင်းသား၊ ကိုဂျင်မီကလေးမွေးနေ့၊ ကိုပြုံးချို (၈၈) မျိုးဆက်ကျောင်းသားများ၏ မင်္ဂလာညှော်ခံပွဲစသော နိုင်ငံတော်အစိုးရကိုအား ဆန့်ကျင်သည့် အဖွဲ့များနှင့် ဆက်သွယ်ရင်နှီးသူဖြစ်ကြောင်း ပြည်ပမီဒီယာများနှင့် ချိတ်ဆက်၍ နိုင်ငံတော်အစိုးရကို အများပြည်သူမှ အမုန်းထားအောင်ဝင်း၊ မလေးစားအောင်သော်လည်းကောင်း၊ ပြုလုပ်မှုများ ပြုလုပ်ခဲ့ခြင်း၊ အားထုတ်ခြင်း နိုင်ငံတော် အပေါ် မေတ္တာပျက်အောင် လှုံ့ဆော်ခြင်း၊ လှုံ့ဆော်ရန်အားထုတ်ခြင်း တို့ပြုလုပ်ခဲ့ကြောင်း ၂၀၀၇ ခုနှစ်၊ ဩဂုတ်လတွင် ခွင့်ပြုချက်မရှိသော ကျောင်းသားသမဂ္ဂအား ရာဟုကျော်ကျော်မောင်၊ စည်သူမောင်၊ အောင်သန့်ဇင်ဦး၊ သဥ္စာခိုင်၊ ဟန်နီဦး ပေါင်း (၅) ဦးတို့ဖြင့် ဟန်နီဦး၏နေအိမ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ဖုန်းအမှတ်–၂၀၀၃၉၇ ဖြင့် ရေဝတီ သတင်းဌာန၊ အာအက်ဖ်အေ၊ ဗွီအိုအေတို့နှင့် ယုဇနပလာဇာအနီးရှိ ရာဟုကျော်ကျော်မောင် နေအိမ်ခန်းမှ ကျောင်းသားသမဂ္ဂဖွဲ့စည်းရာတွင် မိန်းကလေးများပါဝင်ကြောင်းကို ပြည်ပသတင်းဌာန အာအက်ဖ်အေနှင့် ဟန်နီဦးမှ တိုက်ရိုက်ပြောကြားခဲ့ကြောင်း ပြည်ပနိုင်ငံများ၏ မီဒီယာအသံလွှတ်ဌာနများနှင့် ဆက်သွယ်ပြီး မြန်မာနိုင်ငံအစိုးရအပေါ် အကြည်ညိုစေမည့်ဆန့်ကျင်ဘက်စကားများ ပြောကြားခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအပေါ် မေတ္တာပျက်အောင် လှုံ့ဆော်ရန်အတွက် ကျောင်းသားသမ္မဂတွင် ပါဝင်သည့် အောင်သန့်ဇင်ဦး ကိုင်ဆောင်ရန်အတွက် လက်ကိုင်ဖုန်းအမှတ်–၀၉၅၁၂၉၆၅၆ အားငွေးရမ်းဆောင်ရွက်ပေးခဲ့ကြောင်း (၂၅–၉–၀၇) ရက်နေ့တွင် မဟန်နီဦးသည် ကျောင်းသားသမ္မဂအနေဖြင့် ခွတ်ဒေါင်းအလံကိုင်ဆောင်ထားသည့် ရာဟုကျော်ကျော်မောင်၊ စည်းသူမောင်၊ အောင်သန့်ဇင်ဦး၊ သဥ္စာခိုင်၊ မေသူ၊ သဲသဲ၊ ထွဋ်နိုင်အောင်၊ မသက်၊ ကိုချစ်တို့နှင့် အတူဆူပူဆန္ဒပြရာတွင် ပါဝင်ခဲ့ပြီး နိုင်ငံတော်အစိုး

ရအပေါ် အကြည်အညိုပျက်အောင်၊ မလေးစားအောင်၊ အမုန်းထားအောင်၊ မေတ္တာပျက်အောင် ပြုလုပ်ခြင်း အားထုတ်ခြင်း တို့ပြုလုပ်ခဲ့ကြောင်း စီစစ်ဆေးတွေ့ရှိရပါသည်။ ထို့အပြင် မဟန်နီဦး (ခ) ဟန်နီသည် ကျနော်တို့ တာမွေရဲစခန်း၏ စောင့်ကြည့်ပစ်မှတ်အဖြစ် သတ်မှတ်ခြင်း ခံရယူသူဖြစ်၍ စောင့်ကြည့်ရာတွင်လည်း ဒုရဲအုပ် စိုးမိုးအောင် တို့အဖွဲ့အား သတင်းရယူစောင့်ကြည့်ရာတွင်လည်း မဟန်နီဦးသည် (၂၅–၉–၀၇) ရက်နေ့တွင် ယုဇနပလာဇာတွင် နိုင်ငံတော်အစိုးရအား ဆူပူဆန္ဒပြအဖွဲ့နှင့် ပူးပေါင်း၍ ၎င်းကိုယ်တိုင် ခွတ်ဒေါင်အလံကိုကိုင်ပြီး စစ်အစိုးရ ပြုတ်ကျရေး၊ စစ်အစိုးရ ဆန့်ကျင်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး စသည်ဖြင့် နိုင်ငံတော်အစိုးရအပေါ် အကြည်အညိုပျက်စေရန် မေတ္တာပျက်စေရန် လူအများမှ အစိုးရအား မုန်းတီးအောင်ပြုလုပ်မှုတို့အား ကိုယ်တိုင်ကျူးလွန်ခဲ့သူဖြစ်ကြောင်းတင်ပြလာသဖြင့် ကျနော်မှ မဟန်နီဦး (ခ) ဟန်နီအား ဥပဒေအရအရေးယူပေးရန် သတင်းချက်များရေးဖွင့်ခဲ့ပါသည်။ တိုင်းကြားသူနေရာရှိ လက်မှတ်မှာ ကျွန်တော်၏လက်မှတ်မှ တန်းပြီးတိုင်စာကို သက်သေခံ(က)အဖြစ် တင်သွင်းရာရုံးမှလက်ခံပါသည်။ အမှုမှတရားခံ မဟန်နီဦး(ခ)ဟန်နီ၏ ကိုယ်ရေးအကျဉ်နှင့် ထွက်ဆိုချက်များကို ဒုရဲမှူးလှထွန်းမှ အပ်ပေး၍ ကျတော်မှသက်သေ ဦးအောင်သန်းမြင့်နှင့် ဦးသက်တင်တို့၏ ရှေ့မှောက်တွင်သိမ်းဆည်းခဲ့ပါသည်။ အဆိုပါသိမ်းဆည်းခဲ့သည့်ပုံစံကို သက်သေခံအဖြစ်တင်ပြရာ မဟန်နီဦး၏ ကိုယ်ရေးအကျဉ်းကို သက်သေခံ(ခ)အဖြစ် ၎င်း၊ စစ်ကျေချက်(၄) စောင်ကိုသက်သေခံ(ခ–၁)အဖြစ်၎င်း လက်ခံပါသည်။ ၂၀၀၇ ခုနှစ်၊စက်တင်ဘာ(၂၅)ရက်နေ့တွင်စာအမှတ်–၂/၂–၁/ ဦးစဖြင့် ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူးမှထုတ်ပြန်ထားသည့်အမိန့် အမှတ် – ၁/၂၀၀၇ ကို ကျွန်တော်မှ မိတ္တူမှန်ကူးယူ၍ ရုံးတော်သို့ တရားခံအဖြစ်တင်ပြရာ သက်သေခံ(ခ)အဖြစ်ရုံးမှလက်ခံသည်။ မဟန်နီး (ခ)ဟန်နီအား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ –၁၂၄ – ကဖြင့်တရားစွဲဆိုခွင့်ပြုကြောင်း (၁–၂–၀၈)ရက်စွဲပါစာအမှတ် – ပထရ /၂–၆/ဦးကို သက်သေခံအဖြစ် တင်ပြရာ ရုံမှသက်သေခံ (ဃ) အဖြစ်လက်ခံပါသည်။

ယခုအမှုနှင့် ပတ်သက်၍ ကျနော်သည် အမှုစစ်တာဝန်ကိုလည်း ဆောင်ရွက်ခဲ့ရသည်။ (၁၀–၁၂–၀၇) ရက်နေ့တွင် အမှုအားလက်ခံရရှိပြီး ဒုရဲမှူး လှထွန်းအား စစ်ဆေးခဲ့ပါသည်။ (၁၉–၁၂–၀၇) ရက်နေ့တွင် ဒုရဲအုပ် စိုးမိုးအောင်၊ တပ်ကြပ်ကြီး မြင့်သူ၊ တရားခံ ဟန်နီဦး တိုအား အမှုဖြင့်စစ်ဆေးခဲ့ပါသည်။ (၁၇–၁၂–၀၇) ရက်နေ့တွင် တရားခံအား အမှုဖြင့်ဖမ်းဆီးပြီး ရမာန်တောင်းခံခဲ့ပါသည်။ သက်သေ ဦးအောင်သန်းမြင့်၊ ဦးသက်တင် တို့အားစစ်ဆေးပြီး တရားလိုအစစ်ခံချက်အား အမှုတွဲတွင် တင်ပြထားပြီးဖြစ်သည်။ (၂၀–၁၂–၀၇) ရက်နေ့တွင် ဥပဒေအကြံပြုချက်တောင်းခံကာ (၃–၁–၀၈) ရက်နေ့တွင် ဥပဒေအကြံပြုချက်ရရှိခဲပြီး  တရားခံအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ–၁၄၃/၁၄၅/၁၂၄–က ဖြင့် တရားစွဲတင်ပို့ခဲ့ပါသည်။

**တရားခံရှေ့နေပြန်လှန်မေး။** ။ ဤရုံးတော်မှ ကျနော်အဓိက ထွက်ဆိုချက်ပေးထားသော ပြစ်မှုကြီး အမှတ် –၃၀/၀၈ အဖြင့် ပုဒ်မ–၆ ၏ထွက်ဆိုချက်များနှင့် ယခုအမှုထွက်ဆိုချက်များမှာ ကွဲလွဲချက်သိပ်မရှိဆိုလျှင် တရားခံတစ်ဦးတည်ဖြစ်၍ ကွဲလွဲချက်မရှိပါ။ ယခုအမှုနှင့် ပတ်သက်၍ ဒုရဲမှူး လှထွန်း၏ ဟန်နီးဦး အပေါ် စစ်ကျောရေးပြုလုပ်၍ ရှာဖွေပုံစံဖြင့်ပေးအပသည့် ဝန်ခံချက်ထွက်ဆိုချက်များအား အခြေပြု၍ ယခုအမှုကို တရားစွဲတင်ခဲ့ခြင်းဖြစ်သည်ဆိုလျှင် အသင်းအဖွဲ့ (၆) ကဲ့သို့ထွက်ဆိုခဲ့ပြီး ဖြစ်ပါသည်။ ဒုရဲအုပ် စိုးမိုးအောင် ၊ တပ်ကြပ်ကြီး မြင့်သူ တို့အဖွဲ့၏ မျက်မြင်ကိုယ်တွေ့ ကြားသိခဲ့သမျှကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အမေရိကန်စင်တာတွင် နိုင်ငံတော်အား ဆန်ကျင့်သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ လာရောက်လေ့ရှိသည့်အတွက် ၎င်းအဖွဲ့နှင့် ဆက်ဆံလေ့ရှိကြောင်း သတင်းရရှိခဲ့ခြင်းဖြစ်ပါသည်။ အမေရိကန်စင်တာတွင် နိုင်ငံတော်အား ဆန့်ကျင်နေသည့်အဖွဲ့ အဖွဲ့အစည်းများလာရောက်သည်ဆိုပါက ဆန့်ကျင်သည့်အဖွဲ့များကိုသာ အရေးယူရမည်ဖြစ်ပြီး စာကြည့်တိုက်အဖွဲ့ဝင်တစ်ဦးအနေဖြင့် မဟန်နီဦး အားဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ အန်အယ်လ်ဒီ အခန်အနားများ၊ (၈၈) ကျောင်းသား ဂျင်မီ ၏ကလေးမွေးနေ့၊ (၈၈) မျိုးဆက်ကျောင်းသာ ကိုပြုံးချို မင်္ဂလာပွဲစည့်တို့သည် အခမ်းအနားများဖြစ်၍ ဖိတ်ကြားထားသူများလည်း စိတ်ဝင်စားပါက လာရောက်နိုင်သည့် အခမ်းအနားများဖြစ်၍ ထိုအခမ်းအနားများသည် နိုင်ငံတော်ကိုဆန့်ကျင်သည့် အခမ်းအနားများမဟုတ်ကြောင်းကိုသိပါသလားဆိုက နိုင်ငံတော်အား ဆန့်ကျင်သူများလာလေ့ရှိပြီး နိုင်ငံတော်အား ဆန့်ကျင့်ရန်ကြံစည်မှုများ ပြုလုပ်နိုင်ကြောင်းသတင်းရရှိခဲ့ခြင်းဖြစ်ပါသည်။ ကျနော်ရရှိသည့်သတင်းသည် မှန်ကန်မှုမရှိ၍ အထက်၌ ပြုလုပ်ခဲ့သောအခမ်းအနားများသည် ငြိမ်းချမ်းစွာဖြင့် ပြီးစုံအောင်ပြုလုပ်နိုင်ခဲ့သည့်အခမ်းအနားများဖြစ်၍ မည်သည့်ဥပဒေပုဒ်မဖြင့် ထိုအခမ်းအနားများကို ထုတ်ဖော်အရေးယူခဲ့ခြင်း မရှိသည်ကိုသိပါသလားဆိုလျှင် ကျနော်

မသိပါ။ ဥပဒေတစ်ရပ်အနေဖြင့် ပြည်ပမီဒီယာများနှင့် ဆက်သွယ်ခြင်းမပြုလုပ်ရန်တားမြစ်ထားခြင်း မရှိဟုဆိုလျှင်– မသိပါ။ ဥပဒေတရပ်ရပ်ဖြင့် တားမြစ်ထားခြင်း မရှိ၍ မြန်မာနိုင်ငံသား မည်သူမဆိုမီဒီယာများနှင့် စကားပြောဆိုဆက်ဆံနိုင်သည်ကိုသိပါသလားဆိုလျှင် မသိပါ။ ဟန်နီဦးကို အသင်းအဖွဲ့ဥပဒေ ပုဒ်မ–၆ အရ ရုံးတော်၌ တရားစွဲဆိုထားပြီးဖြစ်သည်ဆိုလျှင် မှန်ပါသည်။ ဟန်နီဦးသည် နိုင်ငံတော်အစိုးရအား အကြည်အညိုပျက်စေမည့်စကားများ မည့်သည့်နေ့ရက်၊ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သို့ပြောဆိုခဲ့သည်ကို တင်ပြနိုင်ပါသလားဆိုလျှင် (၂၅–၉–၀၇) နေ့ဆူပူဆန္ဒပြရာတွင် ကျူးလွန်ခဲ့ကြောင်း ဒုရဲအုပ် စိုးမိုးအောင် နှင့်အဖွဲ့မှတင်ပြချက်အရ သိရှိခဲ့ရပါသည်။ ယင်းလုပ်ရှားမှုတွင် ဟန်နီဦး အကယ်၍ ပါဝင်ခဲ့သည်ဆိုပါက ပြစ်မှုကျူးလွန်သူအဖြစ် ကျနော်တို့သတ်မှတ်၍ မရဘဲ တရားရုံးသာ အဆုံးအဖြတ်ပေးရမည်ဆိုလျှင် ရဲအရေးပိုင်ခွင့်ရှိ၍ ဖမ်းဆီးပိုင်ခွင့်ရှိ၍ သက်ဆိုင်ရာကဖမ်းဆီးခြင်းဖြစ်ပါသည်။ ကျနော်ကိုယ်တိုင် ဖမ်းဆီးရာတွင် မပါဝင်ခဲ့ပါ။ ဟန်နီဦး သည် အစိုးရအကြည်အညိုပျက်အောင် မည်သည့်နေ့ရက် မည်သည့်နေရာတွင် ပြောဆိုခဲ့သောအကြောင်းအရာကို တဆင့်ပြောပြချက်ကို ကျနော်မည်သို့သိရသလဲဆိုလျှင် ဆူပူဆန္ဒပြစဉ်က ဟန်နီဦး အနေဖြင့် ၎င်းကိုယ်တိုင်ခွတ်ဒေါင်းအလံကိုင်ပြီး စစ်အစိုးရပြုတ်ကျရေး၊ ကုန်ဈေးနှုံးကျဆင်းရေး ၊ ဒီအစိုးရအလကာဘဲ စသည့်စကားအသုံးအနှုံးများ သုံးစွဲခဲ့သည့်ဟု တင်ပြခဲ့ပါသည်။ အထက်၌ ကျနော်အား တင်ပြခဲ့သည့် အချက်အလက်များနှင့် ပတ်သက်၍ အထောက်အထားစာရွက် စာတမ်း ဓါတ်ပုံမှတ်တမ်းအမှုတွဲ၌ ဖော်ပြထားခြင်း မရှိဆိုလျှင် လောလောဆယ်တင်ပြနိုင်ခြင်း မရှိပါ။ ကုန်ဈေးနှုံးကျဆင်းရေးဟု ဟန်နီဦး ပြောဆိုခဲ့သည်ဆိုလျှင် ကုန်ဈေးနှုံးမြင့်တက်နေသည့် အနေအထား မြင့်တက်သည်မှန်သော်လည်း ၎င်းအနေဖြင့် နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေမည့် အသုံးအနှုန်းများ အပြုအမူများ ပြုလုပ်ခဲ့ခြင်းသာဖြစ်သည်။ လောင်စာဆီဈေး မြင့်တက်ကြောင်း ၊ ကုန်ဈေးနှုံးမြင့်၍ မြင့်တက်ကြောင်း အမှန်ကိုအမှန်တိုင်း ပြောလျှင် ပြစ်မှုမမြောက်ကြောင်းသိပါသလား ဆိုလျှင် ပြစ်မှုမမြောက်သောလည်း ယခုကိစ္စတွင် ၎င်းအနေဖြင့်နိုင်ငံတော်အစိုးရအား ဆန့်ကျင်မှုများ ပြုလုပ်ခဲ့ခြင်းသာဖြစ်ပါသည်။

ကုန်ဈေးနှုံးမြင့်တက်ခြင်း လောင်စာဆီဈေးနှုံးမြင့်တက်ခြင်းတို့သည် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဖြေရှင်းပေးနိုင်သည့်ကိစ္စရပ်မျိုးမဟုတ်ဘဲ နိုင်ငံတော်အစိုးရကသာလျှင် ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့်ကိစ္စမျိုးဖြစ်သည်ကို သိပါသလားဆိုလျှင် – မသိပါ။ ကုန်ဈေးနှုံးတက်သည့်ကိစ္စအပေါ် အကြောင်းပြုပြီး ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ရဟန်းသံဃာနှင့် ပြည်သူများ မေတ္တာသုတ်ရွက်၍ လမ်းလျှောက်ပြီး ဆန္ဒဖော်ထုတ်ခဲ့ခြင်းဖြစ်သည့်အတွက်ကြောင့် ကုန်ဈေးနှုံးမြင့်တက်နေသည့်အနေအထားကို နိုင်ငံတော်အစိုးရသိအောင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခွင့်ရှိ၍ ထုတ်ဖော်ခဲ့ကြသည်ကို သိပါသလား ဆိုလျှင်–ပထမ (၁/၂) ရက်တွင်တော့ ရဟန်းများအနေဖြင့် ဆုတောင်းပွဲများ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများ နိုင်ငံတော်အစိုးရအား ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြောင်း ဖြစ်ပါသည်။ နောက်ပိုင်း ဖြစ်သည့်ကိစ္စရှိခဲ့လျှင် နောက်ပိုင်းကိစ္စတွင် ဟန်နီဦး ကိုယ်တိုင်ပါဝင်ခဲ့ခြင်း မရှိသည်ကိုသိပါသလားဆိုလျှင် မဟန်နီဦး ပါဝင်ကြောင်း ယခင်ထွက်ဆိုခဲ့ပြီးဖြစ်ပါသည်။ (၂၅–၉–၀၇)နေ့နှင့် (၂၆–၉–၀၇) ရက်နေ့တို့တွင် မဟန်နီဦးသည် တက္ကသိုလ်ဥပဒေပညာဌာန စတုတ္ထနှစ်စားမေးပွဲကို ဖြေဆိုနေရချိန်ကာလဖြစ်ကြောင်း ကျနော်သိပါသလား ဆိုလျှင်–မသိပါ။ ဆူပူဆန္ဒပြနေသည့် ကျောင်းသားများ စာပေးပွဲမဖြေဘဲ ပြစ်မှုကျူးလွန်နိုင်သလို၊ စားမေးပွဲပြီးမှ အဆိုပါဆန္ဒပြမှုအား ကျူးလွန်နိုင်ပါသည်။ ကျနော်အား သက်သေအချက်အလက်များ လာရောက်တင်ပြပြောဆိုကြသူများက မဟန်နီဦး ခွတ်ဒေါင်းအလံကိုင်၍ ဆန္ဒပြနေချိန်သည် မည်သည့်အချိန်ဖြစ်ကြောင်း တိတိကျကျ တင်ပြထားသလဲ ဆိုလျှင် ကျနော်အနေဖြင့် အချိန်အတိအကျကို မမှတ်မိတော့ပါ။ (၂၅–၆–၀၇) (၂၆–၆–၀၇) အပါအဝင် စာမေးပွဲဖြေဆိုရသည့် (၇) ဘာသာကို နေ့လည် (၁) နာရီမှ (၄) နာရီအထိ ဖြေဆိုရသည့်အတွက် ယင်းသို့စာမေးပွဲဖြေဆိုချိန်နေ့ရက်များ၌ ဆန္ဒပြသည်ကို ဟန်နီဦး အားတွေ့ရှိရသည်ဟု တင်ပြကြသူများသည် မမှန်မကန်တင်ပြချက်များ ဖြစ်နေသည်ကိုသိပါသလား ဆိုလျှင်–မမှန်မကန်တင်ပြခြင်းမဟုတ်ပါ။ အချိန်ကိုအတိအကျ မတင်ပြနိုင် ခဲ့ဘဲ ဟန်နီဦး စာမေးပွဲဖြေနေချိန်များဖြစ်နေ၍ ဟန်နီဦး (ခ) ဟန်နီကိုအချင်းဖြစ်နေရက်များတွင် ပါဝင်ခဲ့သည်ဟု သတင်းမှားဖြင့် စွပ်စွဲခဲ့သည် ဆိုလျှင်– ကျနော်အနေဖြင့် ယခင်ထွက်ဆိုခဲ့သည့်အတိုင်း ဖြစ်ပါသည်။ ကျနော်၏ ရဲအတွေ့အကြုံအရ အခြားပြစ်မှုများတွင် တရားခံတစ်ဦး၏ လျှို့ဝှက်ကိုယ်ရေးရာဇဝင် အကျဉ်းနှင့် တရားခံ၏ ထွက်ဆိုချက်အကြောင်းအရာများကို ၎င်းမှတ်တမ်းထားရှိပြီး အမှုတွဲများတွင် သက်သေခံအဖြစ်တင်သွင်း လေ့မရှိဟုဆိုလျှင် အချို့သောအမှုများတွင် တင်သွင်းလေ့ရှိသည်။ တရားခံ၏ လျှို့ဝှက်ရေးအကျဉ်းနှင့် ဝန်ခံထွက်ဆိုချက်များကို အချို့

အမှုတို့တွင် တင်သွင်းလေ့ရှိကြောင်း ထွက်ဆိုချက်နှင့် ပတ်သက်၍ မည်သည့်အမှုတွင် တင်သွင်းခဲ့ကြောင်းတင်ပြနိုင်ပါသလားဆိုလျှင် အတိအကျတော့ မတင်ပြနိုင်ပါ၊ သက်သေခံ (ခ) နှင့် (ခ–၁) တို့ကို ကျနော်ဖတ်ရှုသိရှိပြီး ယင်းတရားခံ ၏ ထွက်ဆိုချက်များအတိုင်း ရေးသားထားသည့် အကြောင်းအရာများကို ကျနော်တရားရုံးရှေ့၌ လာရောက်ထွက်ဆို လေ့ရှိသည် ဆိုလျှင် ဆူပူဆန္ဒပြမှုအား သတင်းရယူခဲ့ကြသည့် မျက်မြင်သက်သေဒုရဲအုပ် စိုးမိုးအောင်တို့၏တင်ပြချက်အရ လာထွက်ဆိုခြင်းဖြစ်ပါသည်။ သက်သေခံ (ခ–၁) တရားခံ၏ ထွက်ဆိုချက်ကို မလျှော်သြဇာသုံးပြီးတရားခံကို လက်မှတ်ရေးထိုးခိုင်းခဲ့သည်ကို သိပါသလား ဆိုလျှင် မဟုတ်ပါ။ ဟန်နီဦးအား စတင်ဖမ်းဆီးခဲ့သည့်နေ့သည် (၉–၁၀–၀၇) နေ့ဖြစ်ပြီး ၎င်းအား (၂၀–၁၂–၂၀၀၇) နေ့မှ အင်းစိန်ထောင်၌ တရားရုံး ရမာန်စတင်ယူခဲ့ကြောင်းသိပါသလားဆိုလျှင် (၉–၁၀–၀၇) ရက်နေ့တွင် ကျနော်အနေဖြင့် ဖမ်းဆီးခဲ့ခြင်း မဟုတ်ပါ။ ကျနော်ကိုယ်တိုင်မဖမ်းဆီးခဲ့သော်လည်း ဖမ်းဆီးသည့်နေ့ရက်မှာ (၉–၁၀–၀၇)နေ့ဖြစ်ပြီး (၂၀–၁၂–၀၇) နေ့မှ တရားရုံး ရမာန်စတင်ယူသည့်အတွက် အဆိုပါကွာခြားသည့်ရက်များတွင် တရားရုံး၏ ခွင့်ပြုချက်မရဘဲ မတရားဖမ်းဆီးချုပ်နှောင်ထားခဲ့သည်ဆိုလျှင် မတရားဖမ်းဆီးခြင်း ဖြစ်ပါသည်။ ယခုအမှုမတိုင်မီကတည်းက ဟန်နီဦး ဖမ်းဆီးချုပ်နှောင်ခံရသည်မှာ (၂) လနီးပါး ကျော်ခန့်ရှိပြီး ဖြစ်သည်ဆိုလျှင်–မသိပါ။ သက်သေခံ (က) ပထမသတင်းပေးနိုင်ချက်ရေးဖွင့်သည့် အကြောင်းအရာ နှင့် အချက်အလက်တို့သည် ပြစ်မှုပုဒ်မ ၁၄၅/၅၀၅ (ခ) ဖြင့် အရေးယူတိုင်ချက်ရေးဖွင့်ထားသည်ဆိုလျှင်မှန်ပါသည်။ အမှုစတင်တိုင်ကြား ဖွင့်လှစ်ခဲ့စဉ်က ပုဒ်မ–၁၄၃/၁၂၄–က အကြောင်းအရာကိစ္စတို့ကို တိုင်ချက်ဖွင့်ရာတွင် ဖော်ပြ ထားခြင်း မရှိဆိုလျှင် မှန်ပါသည်။ နောက်ပိုင်းတွင် အမှုစစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းအပေါ်ဆူပူဆန္ဒပြသည့်အထဲ တွင် ပါဝင်လျက်ရှိကြောင်း မမှန်မကန်စွပ်စွဲ၍ တရားစွဲဆိုခဲ့ခြင်းသာဖြစ်သည်ဆိုလျှင် မဟုတ်ပါ။ အမှန်တကယ် အဆိုပါ ပြစ်မှုအားကျူးလွန်ခဲ့၍ တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။ ကုန်ဈေးနှုန်းကြီးမြင့်သည့်အတွက် ရဟန်းသံဃာနှင့် ပြည်သူများ ဆန္ဒဖော်ထုတ် လမ်းလျှောက်ကြရာတွင် စစ်အစိုးရပြုတ်ကျရေး၊ စစ်အစိုးရနှင့် ထိခိုက်သည့်စကား ပြောဆိုရန်အ ကြောင်းမပေါ်ပေါက်ဆိုလျှင် မဟုတ်ပါ။ ပြစ်မှုကြီး အမှုအမှတ်–၃၀/၀၈ အသင်းအဖွဲ့ ပုဒ်မ ၆ တွင် သတင်းမီဒီယာ ကိစ္စ၊ ကျောင်းသားသမ္မဂကိစ္စ၊ အခမ်းအနားသွားရောက်သည့်ကိစ္စ၊ အမေရိကန်စင်တာတွင် စာကြည့်တိုက်အသင်း ဝင်ကိစ္စ စသည့်အကြောင်းအရာများကို ဖော်ပြတရားစွဲဆိုသကဲ့သို့ပင် ယခုအမှုအမှတ်–၃၁/၀၈ တွင်လည်း အလား တူကိစ္စရပ်များကို ဖော်ပြတရားစွဲဆိုထားလျှက်ရှိသည်ဆိုလျှင် ထိုကိစ္စရပ်များသည် အဆိုပါပြစ်မှုနှစ်ခုစလုံးကို ကျူးလွန်ရာ၌ စတင်ဖြစ်ပေါ်လာသော အကြောင်းအရာများဖြစ်ပါသည်။

ပြန်ရှင်းမေး–မရှိ

ဖတ်ပြရာမှန်ကန်ကြောင်းဝန်ခံသည်။

၂၄၊ ၃၊ ၀၈
ဒေါ်အေးသိန်း (တ/၁၇၂၄)
ဒုတိယခရိုင်တရားသူကြီး (၁)
အရှေ့ပိုင်းခရိုင်တရားရုံး